မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်၊ ၂၀၁၀ ခုနှစ်၊ မေ ၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၁၂)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်သံမှူးအား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်သံမှူး Colonel Alexander SVINTSOVSKIY အား ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

စာမျက်နှာ ၃ ကော်လံ ၁ ❐

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်သံမှူး Colonel Alexander SVINTSOVSKIY အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သတင်းခရီးသည်
မြင့်ဝေလှိုင်

ဓာတ်ပုံမှတ်တမ်း
ရဲသူရအောင်
(ညောင်ဦးခရိုင် ပြန်/ဆက်)

ညောင်ဦးခရိုင်အတွင်းမှ မြစ်ရေတင်စီမံကိန်းများ၏ ရေပေးဝေနိုင်မှု နှစ်စပါးနှင့် သီးထပ်သီးညှပ်အထွက်တိုးရေး များစွာအထောက်အကူပြု

ညောင်ဦး မေ ၄

အညာနွေ ပူလွန်းလင့်ကစား ညောင်ဦး-မြင်းခြံလမ်း ဘေးဝဲယာမှ ထန်းပင်ကြီးများအကြား စိမ်းစိုစို လယ်ကွင်းများကို တွေ့ရတော့ မြင်ရသူအဖို့ မျက်စိအေးရသည်။

ထိုသို့ စပါးခင်းများ စိမ်းစိုနေရခြင်းမှာ ဒေသဝန်းကျင်ရှိ မြစ်ရေတင် စီမံကိန်းများ၏

စာမျက်နှာ ၈ ကော်လံ ၁ ❍

ညောင်ဦးခရိုင် ငါ့သရောက်မြစ်ရေတင်၏ ပင်မရေတင်စခန်းနှင့် ထပ်ဆင့်ရေတင်စခန်းမြင်ကွင်း။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် မေ ၅ ရက်)

နိုင်ငံတော်၏စေတနာ လမ်းပန်းဆက်သွယ်ရေးကွန်ရက်အဖြာဖြာ

နိုင်ငံတော်အစိုးရသည် နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ခိုင်မာပြီး လူနေမှုအဆင့်အတန်း မြင့်မားရေးတို့အတွက် ဘက်စုံကဏ္ဍစုံက ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိရာ လမ်းပန်းဆက်သွယ်ရေး တိုးတက်ရန်အတွက် ကျေးလက်နှင့် မြို့ပြ ဆက်သွယ်ရေးလမ်းများ၊ ခရိုင်ချင်းဆက်လမ်းများကို အဆင့်မြှင့်တင် ဖောက်လုပ်ပေးလျက်ရှိသည်။

ယင်းသို့ ဖောက်လုပ်ပေးခဲ့ရာ၌ အရှည် ၁၁၅ မိုင် ၄ ဖာလုံရှိသည့် ငဖဲ-စေတုတ္တရာ-လောင်းရှည်-ဆော လမ်းသစ်ဖွင့်ပွဲကို ဧပြီလ ၃၀ရက်နေ့က ဆော၊ စေတုတ္တရာနှင့် ငဖဲမြို့နယ်တို့၌ ကျင်းပခဲ့ပေသည်။

ပုသိမ်-မုံရွာလမ်းပေါ်ရှိ ပဒါန်းနှင့် ဆက်စပ်နေသည့်အတွက် ပဒါန်းမှ ရခိုင်ပြည်နယ် အမ်းမြို့သို့လည်းကောင်း၊ မင်းဘူးမြို့သို့လည်းကောင်း၊ ပုသိမ်-မုံရွာလမ်းအတိုင်း ပုသိမ်မြို့သို့လည်းကောင်း၊ မြောင်းဦးမှ ပုသိမ်-မုံရွာလမ်းကိုဖြတ်၍ စလင်းမြို့သို့လည်းကောင်း ဆက်သွယ်သွားလာနိုင်ကြပြီဖြစ်သည်။ ဆောမြို့နယ် သီးကုန်းကျေးရွာမှ ပုသိမ်-မုံရွာလမ်းကိုဖြတ်၍ ဆိပ်ဖြူသို့လည်းကောင်း၊ ဆောမြို့မှ ချင်းပြည်နယ် ကန်ပက်လက်မြို့သို့လည်းကောင်း၊ ဆောမြို့နယ် သီးကုန်းကျေးရွာမှ စေတုတ္တရာမြို့နယ် မြောင်းဦးတို့မှ ပုသိမ်-မုံရွာလမ်းကို ဆက်သွယ်ထားသည့်အတွက် မုံရွာလမ်းအတိုင်း မြိုင်မြို့နယ်နှင့် မုံရွာတို့သို့လည်းကောင်း၊ ပခုက္ကူ၊ ရေစကြိုမြို့သို့လည်းကောင်း သွားလာနိုင်တော့မည်ဖြစ်သည်။

ယင်းလမ်းသည် မြို့နယ်သုံးမြို့နယ်နှင့် ကျေးရွာပေါင်း ၄၀တို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့်အတွက် လမ်းတစ်လျှောက်ရှိ မြို့နယ်များနှင့် ကျေးရွာများမှ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည့်အပြင် ဒေသထွက်ကုန်များကို ဧရာဝတီတိုင်းအနောက်ခြမ်းဒေသများသို့လည်းကောင်း၊ မကွေးတိုင်းအရှေ့ခြမ်း ဒေသများသို့လည်းကောင်း၊ စစ်ကိုင်းတိုင်း ကလေးမြို့မှတစ်ဆင့် တမူးနယ်စပ် ကုန်သွယ်ရေးဇုန်သို့လည်းကောင်း တင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီး၏ အရှေ့-အနောက်၊ တောင်-မြောက် နေရာဒေသအနှံ့ လွယ်ကူလျင်မြန်စွာ သွားလာနိုင်ရန် ကားလမ်း၊ ရထားလမ်း၊ လေကြောင်း၊ ရေကြောင်း၊ တယ်လီဖုန်းဆက်သွယ်မှု ကွန်ရက်များကို ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိရာ ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး လွယ်ကူစွာ ကူးလူးဆက်သွယ်သွားလာနိုင်ကြပြီဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

စစ်တွေကောလိပ် ကျောင်းသားဟောင်းများ အာစရိယပူဇော်

ရန်ကုန် မေ ၄

စစ်တွေကောလိပ် ကျောင်းသားကျောင်းသူဟောင်းများ (၁၉၇၃-၁၉၈၇)၏ ဒုတိယအကြိမ်အာစရိယပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် ပဉ္စမအကြိမ် မိသားစုမိတ်ဆုံစားပွဲကို ဧပြီ ၃၀ရက် ညနေ ၄နာရီက ဗဟန်းမြို့နယ် ကန်တော်ကြီးပန်းခြံရှိ Western Park Royal ၌ ကျင်းပရာ ဒေါ်မာလာကြည်က အခမ်းအနားကျင်းပခြင်းနှင့်စပ်လျဉ်း၍ ပြောကြားပြီး ဦးလှမြင့်က ဖြစ်ပေါ်လာပုံကိုရှင်းပြကာ ဦးဇော်အေးမောင်က ကန်တော့ချီးတိုင်ပေး၍ ဆရာဆရာမ ၅၂ဦးအား ကန်တော့လက်ဆောင်ပစ္စည်းများဖြင့် စုပေါင်းပူဇော်ကန်တော့ကြသည်။ (အပေါ်ဝဲပုံ)

ပညာရည်ချွန်ဆုချီးမြှင့်

ထို့နောက် ဆရာ ဆရာမများကိုယ်စား ဦးသိန်းလှိုင်၊ ဦးထွန်းရွှေခိုင်နှင့် ဒေါက်တာဒေါ်ခင်ဆွေမြင့်တို့က သြဝါဒစကားချီးမြှင့်ပြီး ကျောင်းသားဟောင်းများ၏ သားသမီး ၁၇ဦးတို့အား ပညာရည်ချွန်ဆုချီးမြှင့်ကာ ဒေါ်တင်မြင့်ခိုင်က ငွေစာရင်းရှင်းတမ်းကို တင်ပြသည်။ ထို့နောက် ဒေါ်ကျော့မြခင်က ကျေးဇူးတင်စကားပြောကြားပြီး မိတ်ဆုံစားပွဲကို ဆက်လက်ကျင်းပသည်။

(၁၃၅)

စီးပွားရေးစီမံခန့်ခွဲမှု သင်တန်းသစ်များစတော့မည်

STI Education like no other

ရန်ကုန် မေ ၄

STI Education သည် မြန်မာနိုင်ငံ စီးပွားရေးနယ်ပယ်တွင် ကျင်လည်လှုပ်ရှားကြမည့် မျိုးဆက်သစ်များ၏ ကျွမ်းကျင်မှု၊ အသက်မွေးဝမ်းကျောင်းမှု၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေးနယ်ပယ်တွင်လည်း ရင်ပေါင်တန်းနိုင်မှုတို့ကို မြှင့်တင်လိုသော ဆန္ဒဖြင့် Certificate in Business Management & English (CBME) နှင့် Diploma in Business Management (DBM)ဘာသာရပ်များကို သင်ကြားပို့ချလျက်ရှိသည်။

စီးပွားရေးစီမံခန့်ခွဲမှုဒီပလိုမာ

DBM သည် နိုင်ငံတကာအသိအမှတ်ပြု စီးပွားရေးစီမံခန့်ခွဲမှု ဒီပလိုမာဖြစ်သည်။ ယင်းသင်တန်းတွင် အခြေခံစီးပွားရေး သဘောတရားများ အောက်သက်ကျေစေရေးအတွက် Economics၊ စီမံခန့်ခွဲမှု ပိုင်ပိုင်နိုင်နိုင် တာဝန်ယူနိုင်ရန်အတွက် Management၊ စီးပွားရေးအရ နိုင်ငံတကာနှင့် မဖြစ်မနေ ဆက်သွယ်ရာတွင် သုံးစွဲရမည့် စာရေးသားနည်းများဖြစ်သည့် Business Communication၊ မိမိ၏ထုတ်ကုန်များကို သွက်သွက်လက်လက် အရောင်းထွက်ရန် နည်းပညာဖြစ်သည့် Sales and Marketing၊ Electronic သုံး၍ စီးပွားရေးဆောင်ရွက်မှုများကို မှန်ကန်မြန်ဆန်စွာ လုပ်ဆောင်ပေးမည့် Information Technology နှင့် လူတော် လူကောင်းများ ခန့်အပ်မှု၊ လူမှန်နေရာမှန်ထားရှိမှု၊ ရေရှည်ထိန်းသိမ်းမှု၊ အသင်းအဖွဲ့များ ဖွဲ့စည်းမှု၊ ခေါင်းဆောင်မှု စသည့်စွမ်းရည်တို့ကို မြှင့်တင်ပေးနိုင်သည့် Human Resources Management စသည်တို့ကို တစုတစည်းတည်း ချိတ်ဆက်၍ လေ့လာသင်ကြားကြရမည်ဖြစ်သည်။

ထည့်သွင်းရေးဆွဲ

သင်တန်းကာလ ခြောက်လမှ ရှစ်လကြာမြင့်မည်ဖြစ်ပြီး နှစ်ပေါင်းများစွာ စာတွေ့လက်တွေ့ အတွေ့အကြုံရှိသော တက္ကသိုလ်ပါမောက္ခများ၊ စီးပွားရေးလုပ်ငန်းရှင်များက သင်ကြားပို့ချပေးမည်ဖြစ်သည်။ သင်တန်းပြီးဆုံးပါက အင်္ဂလန်၊ စင်ကာပူနှင့် STI တို့မှ အောင်လက်မှတ်များ ရရှိမည်ဖြစ်သည်။ စာသင်ခန်းမှ လေ့လာမှုများကို ပြင်ပစီးပွားရေးလုပ်ငန်းများနှင့် ပီပီပြင်ပြင် ဆက်စပ်သုံးသပ်နိုင်ရန် ကွင်းဆင်းလေ့လာမှု (Industry Visit) များကိုလည်း ထည့်သွင်းရေးဆွဲထားကြောင်း သိရသည်။

ဆွေးနွေးနိုင်

STI ကျောင်းသားဟောင်းများက ဦးဆောင်၍ သင်တန်းအတွေ့အကြုံနှင့် အလုပ်အကိုင် အခွင့်အလမ်းများကို မေ ၁၅ရက် (စနေနေ့)တွင် အလံပြဘုရားလမ်း၊ Park Royal ဟိုတယ် ရန်ကုန်မြို့၌ ရှင်းလင်းမည်ဖြစ်ရာ hands-on experience ရလိုသူ မည်သူမဆို တက်ရောက်ဆွေးနွေးနိုင်ကြောင်း သိရသည်။

စာရင်းသွင်းအပ်နှံနိုင်

တန်းခွဲသစ်များကို ၂၀၁၀ ခုနှစ် မေလတွင် စတင်သင်ကြားပို့ချမည်ဖြစ်သဖြင့် အသေးစိတ်သိရှိလိုပါက အမှတ် ၃၇၇ ရွှေဘုံသာအထက်လမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့သို့လည်းကောင်း၊ အဆောင်-၄ အခန်း-၇ မြန်မာအင်ဖိုတက်ခ် လှိုင်မြို့နယ်သို့လည်းကောင်း၊ဖုန်း-၂၅၀၀၅၆၊ ၇၀၀၂၇၃၊ ၅၀၇၀၄၈၊ ၅၀၇၁၅၁ နှင့် ၅၀၇၁၅၂ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းသွင်း အပ်နှံနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်းချက်ပြုတ်ခြင်းမပြုစေရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၅-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ် မောရသုတ်၊ ဝဋ္ဋသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **လူတိုင်းအတွက် ဝိပဿနာ** တရားတော် (ဆရာတော်ဘဒ္ဒန္တ ဒေါက်တာ စန္ဒာဝရာဘိဝံသ)
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၀၁)
၈:၃၀ Sports World
၈:၅၅ ရန်ကုန်ပန်တျာကျောင်းနှင့် ပန်းချီပန်းပုကျောင်းတို့၏ သင်တန်းဆင်းပွဲအမှတ်တရ
၉:၀၀ အမျိုးသမီးဆရာဝန်များ၏ အခမဲ့ကွင်းဆင်းကုသမှု (တွံတေးမြို့နယ်)
၉:၂၀ Activities in the City (ဆရာတော် ဘဒ္ဒန္တ ဇနိတာလင်္ကာရ၏ စိန်ရတုမွေးနေ့နှင့် သိက္ခာထပ်မင်္ဂလာ)
၉:၃၅ အားကစားမြင်ကွင်းစုံ
၁၀:၂၀ မိုးယံမှ ကြယ်ပွင့်ကလေးများ
၁၀:၃၀ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး (ဒုစရိုက်တရားမြဲရှောင်ရှား)
၁၀:၄၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ဆလိုင်းသွဲ့အောင်)
၁၁:၂၅ Industrial Talk [ဒေါက်တာ မျိုးသန့်တင်၊ ဒေါက်တာ တင်အောင်ရွှေ (သုတေသီ)]
၁၁:၅၀ ဓာတ်ပုံထဲမှ အမှတ်တရများ (သရုပ်ဆောင် ကစ်ကစ်၏ ဓာတ်ပုံထဲမှ အမှတ်တရများ)
၁၂:၂၀ မွန်ပြည်နယ်မှ ဗုဒ္ဓသာသနာ
၁၂:၃၅ မျိုးသန့်စိုက်ပျိုးအထွက်တိုး အကျိုးများမည် တို့တိုင်းပြည်
၁၂:၅၅ မီးလောင်ခံရသူအား ရှေးဦးသူနာပြုစုနည်း (ဒေါက်တာခင်နှင်းဦး)
၁:၀၀ **လူတိုင်းအတွက် ဝိပဿနာ** တရားတော် (ဆရာတော်ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရာဘိဝံသ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ စကားနပန်း (အားနာတတ်တာ ကောင်းတယ်၊ အားမနာတတ်တာကောင်းတယ်)
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၀၁)
၄:၁၀ အဓိဋ္ဌာန်ပြည့်မြောက်.... အလိုတော်ပေါက်
၄:၂၀ Activities in the City (ဆရာတော် ဘဒ္ဒန္တ ဇနိတာလင်္ကာရ၏ စိန်ရတုမွေးနေ့နှင့် သိက္ခာထပ်မင်္ဂလာ)
၄:၄၀ မိုးယံမှ ကြယ်ပွင့်ကလေးများ
၄:၅၀ ရန်ကုန်ပန်တျာကျောင်းနှင့် ပန်းချီပန်းပုကျောင်းတို့၏ သင်တန်းဆင်းပွဲအမှတ်တရ
၅:၀၅ အမျိုးသမီးဆရာဝန်များ၏ အခမဲ့ကွင်းဆင်းကုသမှု (တွံတေးမြို့နယ်)
၅:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၀၀ MRTV-4 သတင်း
၆:၂၀ ဓာတ်ပုံထဲမှအမှတ်တရများ (သရုပ်ဆောင် ကစ်ကစ်၏ ဓာတ်ပုံထဲမှ အမှတ်တရများ)
၆:၄၅ ဗီဒီယိုပြခန်း
၇:၀၀ ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (အရှိန္ဒမာ Stationery & Fancy)
၇:၁၅ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ဆလိုင်းသွဲ့အောင်)
၈:၀၀ MRTV-4 သတင်း
၈:၃၀ စကားနပန်း (အားနာတတ်တာကောင်းတယ်၊ အားမနာတတ်တာကောင်းတယ်)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၀၁)
၁၀:၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀:၂၅ ဗီဒီယိုပြခန်း
၁၀:၄၀ ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (အရှိန္ဒမာ Stationery & Fancy)
၁၀:၅၀ Industrial Talk
၁၁:၂၀ **တက္ကစီမီတာသင်လိုရာ** ဇေယျာ၊ ရီတာ၊ ပန်းအိခိုင်၊ (ဒါရိုက်တာ-ဇာဏီထက်လင်း)
၁၁:၂၅ သင့်မိသားစုနှင့် သင့်ပိုင်ဆိုင်မှုများအတွက်
၁၁:၄၀ မမေ့နိုင်စရာ.... ရှမ်းရိုးရာအစားအစာ
၁၁:၅၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၁၅	Man City - Tottenham	ESPN(Live)
၁:၂၅	Fulham - Stoke City	STAR SPORTS(Live)

❒ ရှေ့ဖုံးမှ

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးသာအေး ကြီးအုံကြီးဝရေလှောင်တမံ စီမံကိန်း လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)
ဒုတိယအကြိမ် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကျင်းပမည်

ရန်ကုန် မေ ၄

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၏ ၂၀၁၀ ခုနှစ် ဒုတိယအကြိမ် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို မေ ၂၂ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ ကျင်းပမည်ဖြစ်ရာ ပြည်နယ်နှင့်တိုင်းမှ ဗဟိုဦးစီးအဖွဲ့ဝင်များ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ **(မြန်မာ့အလင်း)**

ပွင့်ဖြူကြီးအုံကြီးဝရေလှောင်တမံစီမံကိန်းလုပ်ငန်းခွင် ဒုတိယဗိုလ်ချုပ်ကြီးသာအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မေ ၁ရက် နံနက်ပိုင်းက ပုသိမ်-မုံရွာလမ်း၏ ဥသျှစ်ပင်-ကံပြားအပိုင်း အခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး မကွေးတိုင်း မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ဝန်လိုကျေးရွာအနီးရှိ မုန်းချောင်းပေါ်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၃)က တာဝန်ယူ တည်ဆောက်နေသည့် ကြီးအုံကြီးဝရေလှောင်တမံ စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား အသေးစိတ် မှာကြားကာ ရှင်းလင်းဆောင်ရွက်ရပ်မှ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကြီးအုံကြီးဝ ရေလှောင်တမံသည် ဖုန်တမံအမျိုးအစားဖြစ်ပြီး ရေလှောင်တမံ ပြီးစီးပါက မဲဇလီရေလွှဲဆည်၏ စိုက်ပျိုးမြေများကို စိုက်ပျိုးရေခိုင်မာစွာ ပေးဝေနိုင်မည်ဖြစ်ကာ လျှပ်စစ်ဓာတ်အား ပေးစက်ရုံ ပါဝင်ပြီး လျှပ်စစ်ဓာတ်အား ၇၄မဂ္ဂါဝပ် ရရှိနိုင်မည်ဖြစ်သည်။

လိုက်လံကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် မဲဇလီတံတား ကြံ့ခိုင်မှုအခြေအနေများနှင့် ဆည်တော်ကြီး မဲဇလီရေလွှဲဆည်ရေဝင်ရောက်ရှိမှုတို့ကို လည်းကောင်း၊ တောင်မုန်း မြောင်းမကြီးတစ်လျှောက် ရေဝင်ရောက်ရှိမှုကိုလည်းကောင်း မော်တော်ယာဉ်ဖြင့် လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြောင်းမကြီးပတ်ဝန်းကျင်၌ ဒေသခံတောင်သူများ စိုက်ပျိုးထားသည့် နှမ်းစပါးစိုက်ခင်းများအား ကြည့်ရှုစစ်ဆေးပြီး မြောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေး မှာကြားသည်။

မှာကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ပွင့်ဖြူမြို့နယ် ဘုရားကုန်းကျေးရွာအနီး၌ ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာန ဘုရားကုန်းလျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ အကျိုးပြုရေကို ရယူထားသော နှမ်းစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ထို့နောက် ဒေသခံတောင်သူများ စိုက်ပျိုးထားသည့် နှမ်းစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ စိုက်ပျိုးရေး လုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ကြရန် မှာကြားသည်။

ယင်းနောက် ပွင့်ဖြူ-စကု-မင်းဘူး လမ်းပိုင်း အခြေအနေများနှင့် ရောဝတီတံတား (မကွေး) ကြံ့ခိုင်မှုအခြေအနေတို့ကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အစည်းအဝေး(၂၅/၂၀၁၀)တွင် အမှာစကားပြောကြားစဉ်။(သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အစည်းအဝေး(၂၅/၂၀၁၀) ကျင်းပ

နေပြည်တော် မေ ၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အစည်းအဝေး (၂၅/၂၀၁၀) ကို ယနေ့ နံနက် ၉နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ကြသည်။

ရှေးဦးစွာ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားချက်များအား စိစစ်ခြင်း၊ ရွေးကောက်ပွဲဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြပြီး ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ထူးခြားသည့်နေ့အပူချိန်များ

၄-၅-၂၀၁၀

နေပြည်တော်ပျဉ်းမနား ၄၄ ဒီဂရီစင်တီဂရိတ်
ချောက်မြို့ ၄၄ ဒီဂရီစင်တီဂရိတ်
မြင်းခြံမြို့ ၄၄ ဒီဂရီစင်တီဂရိတ်

ကျေးလက်ကျောက်ချောလမ်း

ကွန်ဟိန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကာလိ-ဟိုပန် ကျေးလက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို မတ် ၈ ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မိုးခိုင်နှင့်အဖွဲ့ ဆောင်ရွက်ရာ၌ အမှုဆောင်အရာရှိ ဦးမျိုးဝင်းဇော် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၂ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ရက် (ဥပုသ်နေ့)
၅-၅-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၅ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၁၅ ၇။ အတီးပြိုင်ပွဲ
၈:၂၅ ၈။ **ဆွာချောင်းတံတား**
၈:၄၀ ၉။ International News
၈:၄၅ ၁၀။ တေးဂီတအစီအစဉ်
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၃:၃၀ ၁။ Myanmar National League MNL Cup (2010) ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှု အစီအစဉ် (မကွေး F.Cနှင့် နေပြည်တော် F.C)
၅:၀၀ ၂။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၅:၁၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာအထူးပြုများ) (ရူပဗေဒ)
၅:၂၅ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၃၀ ၅။ သီချင်းကြီးပဒေသာ
၅:၄၅ ၆။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၆:၀၀ ၇။ ညနေခင်းသတင်း
၆:၁၅ ၈။ မိုးလေဝသအခြေအနေ
၆:၂၀ ၉။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၆:၄၀ ၁၀။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၇:၀၀ ၁၁။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၇:၄၀ ၁၂။ **ဝတ်မှုန်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း**
၈:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၃၉)
၁၇။ မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုဇာတ်လမ်း **သံမဏိပိုးဖလံ** ကျော်ကျော်ဗို၊ မင်းရာဇာ၊ ပုလဲဝင်း၊ သဇင် (ဒါရိုက်တာ-မျိုးဇော်အောင်)
၁၈။ မင်းကွန်းဆရာတော်ကြီး၏ **အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း** တရားတော်
၁၉။ အစီအစဉ်ပြီး၏။

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် မေ ၄

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၁၇)တွင် Political Times အထူးအချပ်ပိုအပါအဝင် ရှေ့ဆက်ရဦးမည့် နာဂစ်ဒေသ ရေရှည်ဖွံ့ဖြိုးရေး နာဂစ်နှစ်နှစ်ပြည့်အထူးဆောင်းပါး၊ ပြည်တွင်းနိုင်ငံရေးသတင်းများ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် ဦးသိန်းစိန်ခေါင်းဆောင်သော အဖွဲ့ဝင် ၂၇ ဦးပါ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ပါတီတည်ထောင်ခွင့်လျှောက်ထား၊ ပြည်ထောင်စုကရင်အမျိုးသားအဖွဲ့ချုပ် (UKL) ဥက္ကဋ္ဌ ဦးစောမောင်ချောနှင့်တွေ့ဆုံခြင်း၊ ဆရာဦးအောင်မိုး (UMFCCI)၏ ရွေးကောက်ပွဲဒီမိုကရေစီ၊ ဆရာမောင်သာနု၏ ရွေးကောက်ပွဲအပြီး မြန်မာ့နိုင်ငံရေးဘယ်လိုလဲ၊ ဒေါက်တာနေဇင်လတ်၏ အကူးပြောင်းကာလလွန် စသည့် နိုင်ငံရေးသုံးသပ်ဆောင်းပါးများ၊ ပုဂ္ဂလိက အက်ဖ်အမ်လိုင်းများ တစ်နိုင်ငံလုံး လွှင့်တော့မည်ဟုဆို၊ မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အညာဒေသများ ပူပြင်းသော်လည်း မိုးရွာခဲ့ခြင်းကြောင့် အပူချိန် ပြင်းထန်စွာခံစားရခြင်းမရှိခဲ့၊ သင်္ကြန်အကြတ်နေ့က ဖြစ်ပွားသည့် ငါးလုပ်ငန်းကုမ္ပဏီ ကျပ် ၃၃၅ သိန်း အခိုးခံရမှုပေါ်ပြီ၊ သီရိမင်္ဂလာဈေး ရွှေ့ပြောင်းရမည်ဆိုသောသတင်းကြောင့် ဆိုင်ခန်းရှင်တို့ စိတ်ပူပင်နေ၊ နိုင်ငံရေးပါတီတွေက လူထုကို အမှန်တကယ်အကျိုးပြုသလား Yangon Forum ကဏ္ဍသစ်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ နွေရာသီနှင့်အပူဒဏ်၊ ခရီးသွားလုပ်ငန်းရဲ့ သံတမန်အဖြစ် ထိုင်းကို သွားဖို့ရှိပါတယ် ဂျူးဂျူးကေနှင့် လိုတိုဗျူး စသည့် ဖျော်ဖြေရေး ကဏ္ဍအပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ရှန်ဟိုင်းကုန်စည်ပြပွဲကို အရှင်းသန့်ဆုံးနှင့် စိမ်းလန်းစိုပြည်မှုအရှိဆုံး ပြပွဲဖြစ်လာစေရန် စီမံဆောင်ရွက်၊ ဗြိတိန်တွင် အရပ်အပုဆုံးမိခင်က မွေးဖွားသည့် ၁၄လသား အရွယ်ကလေးငယ် မိခင်ထက် အရပ်ပိုရှည်၊ အတိုက်အခံများနှင့် မဟာမိတ်တို့၏ ဖုန်းကို ခိုးနားထောင်သည်မှာ မဟုတ်မှန်ဟု အိန္ဒိယအစိုးရ ငြင်းဆို၊ ရုပ်ပျက်နေသော အမျိုးသားတစ်ဦး၏ မျက်နှာတစ်ပြင်လုံးခွဲစိတ်ကုသမှု အောင်မြင်၊ လိုင်စင်မဲ့ ယာဉ်မောင်း၏ မဆင်မခြင် မောင်းနှင်မှုကြောင့် ဗြိတိန်အဘွားအိုသေဆုံးမှုခင်းရေး ရာကဏ္ဍ၊ ဟာသကဏ္ဍ၊ ပြောရဦးမယ် သူတို့က ဒီလိုတဲ့ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။ **(သတင်းစဉ်)**

တရုတ်နိုင်ငံ ကွမ်တုံပြည်နယ် ရှန်ကျန်းမြို့ ဆီဆေးပန်းချီပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နေကြသူများအား မေ ၄ရက်က တွေ့ရစဉ်။ (အဆိုပါပြိုင်ပွဲတွင် ပန်းချီဝါသနာရှင် ၁၁၀ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။) **(ဆင်ဟွာဓာတ်ပုံ)**

ဝါရှင်တန်၌ ငြိမ်းချမ်းရေးဆွေးနွေးပွဲ မကျင်းပမီ ပါလက်စတိုင်းနှင့်အမေရိကန်အကြီးအကဲတို့ တွေ့ဆုံမည်

ဂျေရုဆလင် မေ ၄

ပါလက်စတိုင်းအကြီးအကဲ မာမွတ်အာဘတ်စ်သည် ဝါရှင်တန်မြို့၌ ငြိမ်းချမ်းရေးဆွေးနွေးပွဲမတိုင်မီ အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့်တွေ့ဆုံမည်ဖြစ်ကြောင်း မေ ၃ ရက်၌ ပါလက်စတိုင်းမီဒီယာများက သတင်းထုတ်ပြန်သည်။

ပါလက်စတိုင်းနှင့် အစ္စရေးနှစ်နိုင်ငံအကြား အိမ်ရာတည်ဆောက်ရေးပြဿနာများကို မရပ်တန့်သရွေ့ စေ့စပ်ဆွေးနွေးမှု မပြုလုပ်ကြောင်း ပါလက်စတိုင်းအာဏာပိုင်အဖွဲ့က ပြောကြားသည်။

အရှေ့ဂျေရုဆလင်မြို့အနီး အိမ်ရာတည်ဆောက်ရေးစီမံကိန်းရပ်ဆိုင်းသွားပြီဟု အစ္စရေးကထုတ်ပြန်ကြေညာခြင်းကြောင့် ၎င်းနှစ်နိုင်ငံသည် မတ်လအတွင်းက စေ့စပ်ဆွေးနွေးမှု ရွှေ့ဆိုင်းခဲ့ခြင်းကို ပြန်လည်စတင်ရန် မျှော်လင့်သည်ဟု ဆိုသည်။ ယခုလအတွင်း ဝါရှင်တန်မြို့၌ ကျင်းပမည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်ရန် အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ဖိတ်ကြားထားကြောင်း ပါလက်စတိုင်း အာဏာပိုင်များက ထုတ်ဖော်ပြောကြားသည်။ **(အင်တာနက်)**

အမေရိကန်သမ္မတ ဘားရက်အိုဘားမား

တောင်တရုတ်ပင်လယ် ရေနံလုပ်ကွက် မလေးရှားနှင့်ဘရူနိုင်း ဆွေးနွေးလျက်ရှိ

ကွာလာလမ်ပူ မေ ၄

တောင်တရုတ်ပင်လယ်အတွင်းရှိ ရေနံလုပ်ကွက်များနှင့်စပ်လျဉ်း၍ မလေးရှားနှင့် ဘရူနိုင်းအစိုးရတို့ ဆွေးနွေးလျက်ရှိကြောင်း ဆင်ဟွာသတင်း၌ မေ ၃ ရက်က ဖော်ပြထားသည်။

မျှော်လင့်

မလေးရှားရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီ၏ အကျိုးအမြတ်ကိုဖြစ်ထွန်းစေလျက် ဘရူနိုင်းကုမ္ပဏီများ၏ ပါဝင်ရင်းနှီးမြှုပ်နှံမှုကို နှစ်နိုင်ငံစလုံးက မျှော်လင့်လျက်ရှိသည်ဟု မလေးရှားဝန်ကြီးချုပ် နာဂျစ်တွန်ရာဇက်စ်၏ ပြောကြားချက်ကို ကိုးကား၍ ဒေသဆိုင်ရာစတားသတင်းစာက ဖော်ပြသည်။

သဘောတူညီ

စေ့စပ်ဆွေးနွေးမှုပြီးဆုံးခြင်းမရှိသေးသော်လည်း နှစ်နိုင်ငံအနေဖြင့် သဘောတူညီမှုရရှိရန် ဆန္ဒရှိနေကြသည်ဟုဆိုသည်။ အဆိုပါကိစ္စရပ်နှင့်စပ်လျဉ်း၍ ၂၀၀၉ ခုနှစ်အတွင်း သဘောတူညီမှုတစ်ခု ရရှိထားပြီးဖြစ်သည်ဟု နာဂျစ်က ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဓာတ်ငွေ့လွှတ် တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၅၂ဦးသေဆုံး

ကိုင်ရို မေ ၄

ယခုနှစ်စကတည်းက အီဂျစ်အာဏာပိုင်များက နယ်စပ်လိုဏ်ခေါင်းများ၌ ပါလက်စတိုင်းလူမျိုး ၅၂ဦးကို ဓာတ်ငွေ့လွှတ်၍ တမင်သက်သက် သတ်ခဲ့ကြောင်း သတင်းများ၌ ဖော်ပြသည်။

သတ်ဖြတ်

အစ္စရေးက ဂါဇာကမ်းမြောင်ကို ဆက်လက်ပိတ်ဆို့ထားသဖြင့် ဂါဇာတွင် မရနိုင်သည့် စားနပ်ရိက္ခာ၊ ဆေးဝါးနှင့် လိုအပ်သည့်ပစ္စည်းများရယူရန် ကြိုးပမ်းသော ပါလက်စတိုင်း ဒေသခံများအား ဓာတ်ငွေ့လွှတ်ကာ တမင်သက်သက် သတ်ဖြတ်သည်ဟု ပါလက်စတိုင်းလူ့အခွင့်အရေးဖောင်ဒေးရှင်းအဖွဲ့(ပီအိပ်ချ်အာရ်အက်ဖ်)က မေ ၃ရက်၌ ဖော်ပြသည်။

ကြေညာ

သက်သေအထောက်အထားများနှင့် လက်ရှိအခြေအနေများအရ အီဂျစ်အာဏာပိုင်များက နိုင်ငံတကာဥပဒေကို ကျူးလွန်ချိုးဖောက်ခဲ့ကြောင်း၊ နိုင်ငံတကာဥပဒေက ဓာတ်ငွေ့လွှတ်တိုက်ခိုက်မှုကို တားမြစ်ထားပြီး ယင်းလုပ်ရပ်သည် ကြိုတင်ရည်ရွယ်လုပ်ဆောင်မှုသာဖြစ်ကြောင်း ပီအိပ်ချ်အာရ်အက်ဖ်က ကြေညာသည်။ **(အင်တာနက်)**

မက္ကဆီကိုပင်လယ် ကမ်းလွန်၌ ရေနံယိုဖိတ်မှု ဒိုမီနီကန်ရေပိုင်နက်အတွင်းဆိုးကျိုးဖြစ်ပေါ်နိုင်

စန်တိုဒိုမင်ဂို မေ ၄

မက္ကဆီကိုပင်လယ်ကမ်းလွန်၌ ရေနံယိုဖိတ်မှုကြောင့် ဒိုမီနီကန်သမ္မတနိုင်ငံ ရေပိုင်နက်တွင် သဘာဝပတ်ဝန်းကျင် ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်ကြောင်း မေ ၂ရက်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့က သတင်းထုတ်ပြန်သည်။

ထိခိုက်

ယင်းရေနံယိုဖိတ်မှုကြောင့် မက္ကဆီကိုပင်လယ်ကွေ့ တစ်စိတ်တစ်ဒေသဖြစ်သည့် ကာရစ်ဘီယံပင်လယ်သို့ ရွှေ့ပြောင်းကျက်စားသည့် ရေသတ္တဝါမျိုးစိတ်များကို ထိခိုက်မည်ဟု စန်တိုဒိုမင်ဂိုမြို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနမှ ကျွမ်းကျင်သူ လူ့စ်ကာဗာဂျာလ်က ပြောကြားသည်။

အမြန်ရိုက်ခတ်

ရေနံယိုဖိတ်မှုပမာဏကြီးမားသည့်အတွက် ထိုနေရာရှိ ဇီဝမျိုးစိတ်များ ပြောင်းသွားပြီး ကုန်းတွင်းပိတ် ကာရစ်ဘီယံပင်လယ်ကို အနေးနှင့်အမြန် ရိုက်ခတ်မည်ဟုလည်း ၎င်းကပြောကြားသည်။ ***အမ်အင်န်အေ၊ဆင်ဟွာ***

ဂျပန်နိုင်ငံ တိုကျိုမြို့ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအထိမ်းအမှတ်အဖြစ် စွန့်ပစ်ပစ္စည်းများဖြင့် ကလေးငယ်များ ဖန်တီးထားသော လက်မှုအနုပညာပြကွက်ကို မေ ၄ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ပြည်ပရောက် ဘင်္ဂလားဒေ့ရှ် အလုပ်သမားဦးရေ ယခုနှစ်ပထမလေးလအတွင်းကျဆင်း

ဒါကာ မေ ၄

ယခုနှစ် ပထမလေးလအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြည်ပသို့သွားရောက်လုပ်ကိုင်သူဦးရေမှာ ၁၃၅၆၄၇ဦးခန့်ရှိရာ ယခင်နှစ်အလားတူကာလကထက် ၃၀ ရာခိုင်နှုန်း လျော့နည်းသည်ဟု မေ ၂ရက်၌ သက်ဆိုင်ရာရုံးအဖွဲ့က သတင်းထုတ်ပြန်သည်။

ယခုနှစ် ဧပြီလအတွင်း၌ ပြည်ပသို့ သွားရောက်လုပ်ကိုင်သည့် အလုပ်သမား ပေါင်း ၃၅၆၄၇ဦးခန့်ရှိရာ ယခင်နှစ် ဧပြီလထက် ၈ဒသမ၇၁ ရာခိုင်နှုန်း လျော့နည်းသည်။

လုပ်ကိုင်

ယခုနှစ် ပထမလေးလအတွင်း ပြည်ပသို့သွားရောက်လုပ်ကိုင်သူ ဘင်္ဂလားဒေ့ရှ် အလုပ်သမားအားလုံး၏ သုံးပုံနှစ်ပုံကျော်မှာ အာရပ်စော်ဘွားများနိုင်ငံ အပါအဝင် အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံများတွင် လုပ်ကိုင်ကြခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ပါကစ္စတန်လူမျိုးစုဒေသ ကန်တို့တိုက်ခိုက်မှု ယခုနှစ်အတွင်း လူ၃၀၀ခန့်သေဆုံးခဲ့ရ

အစ္စလမ္မာဘတ် မေ ၄

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း မြောက်ဝါဇီရစ္စတန်ဒေသ၌ အမေရိကန်မောင်းသူမဲ့လေယာဉ် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ခြောက်ဦးသေဆုံးကြောင်း ဒေသခံသတင်း ရပ်ကွက်က မေ၃ရက်၌ ပြောကြားသည်။

ပျက်စီး

အာဖဂန်နစ္စတန်နိုင်ငံ နယ်စပ်ဒေသရှိ အဆိုပါ မြောက်ဝါဇီရစ္စတန် ဒေသကို အမေရိကန်မောင်းသူမဲ့လေယာဉ်က ဒုံးကျည်သုံးစင်းဖြင့် ပစ်ခတ်မှုကြောင့်ယာဉ်တစ်စင်း ပျက်စီးပြီး ထိခိုက်မှုများ ဖြစ်ပေါ်ခဲ့သည်။

သေဆုံး

၂၀၁၀ခုနှစ်အတွင်း ပါကစ္စတန်နိုင်ငံ လူမျိုးစုဒေသ၌ အမေရိကန်လေကြောင်းတိုက်ခိုက်မှု ၄၂ကြိမ်အတွင်း လူ ၃၀၀နီးပါး သေဆုံးခဲ့ရသည်။ အမ်အင်န်အေ၊ဆင်ဟွာ

အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်နှစ်ဦး အာဖဂန်နစ္စတန်၌ သေဆုံး

ကဘူးလ် မေ ၄

နေတိုးအဖွဲ့၏ နိုင်ငံတကာ လုံခြုံရေးအကူအညီပေးရေးတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)မှ နေတိုးတပ်ဖွဲ့ဝင်နှစ်ဦး အာဖဂန်နစ္စတန်နိုင်ငံတွင် သီးခြားတိုက်ခိုက်မှုအတွင်း သေဆုံးကြောင်း အင်တာနက်သတင်း၌ မေ ၂ရက်က ဖော်ပြသည်။

ဖော်ပြထား

နေတိုးတပ်ဖွဲ့ဝင်တစ်ဦးသည် အာဖဂန်တောင်ပိုင်းဒေသတွင်သေဆုံးပြီး အခြားတစ်ဦးသည် နိုင်ငံ၏အရှေ့ပိုင်းဒေသ၌ သေဆုံးသည်ဟု အိုင်အက်စ်အေအက်ဖ် ကြေညာချက်တွင် ဖော်ပြထားသည်။

ယင်းကြေညာချက်တွင် သေဆုံးသူသည် မည်သည့်နိုင်ငံတပ်ဖွဲ့မှဖြစ်ကြောင်း ဖော်ပြခြင်းမရှိပေ။ သို့ရာတွင် အာဖဂန်တွင် ဖြန့်ကြက်ထားသည့်တပ်ဖွဲ့ဝင်အများစုမှာ အမေရိကန်လူမျိုးများဖြစ်ကြသည်။ **(အင်တာနက်)**

လုံခြုံရေးတိုးမြှင့်

အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ကားဗုံးဖောက်ခွဲရန် ကြံစည်ခဲ့သော နေရာအနီးတွင် လုံခြုံရေးတိုးမြှင့်ချထားသည်ကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

နယူးယောက်၌ ကားဗုံးဖောက်ခွဲရန်ကြံစည်သူ ကနေဒီလေဆိပ်၌ ဖမ်းဆီးရမိ

နယူးယောက် မေ ၄

အမေရိကန်နိုင်ငံ နယူးယောက်မြို့ နယူးယောက်တိုင်း(မ်)ရင်ပြင်၌ မေ ၁ရက်က ကားဗုံးခွဲတိုက်ခိုက်ရန်ကြိုးစားသည်ဟု သံသယရှိသူကို အမေရိကန်ထောက်လှမ်းရေးအဖွဲ့က ဖမ်းဆီးလိုက်ပြီဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါသံသယရှိသူသည် ထိုနေ့က ဗုံးတစ်လုံးကို ကားပေါ်တင်လျက် နယူးယောက်တိုင်း(မ်)ရင်ပြင်၌ ထားသွားခဲ့ကြောင်း၊ ဗုံးမပေါက်ကွဲမီ ရဲတပ်ဖွဲ့က ဗုံးကို ဖယ်ရှားနိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ဆက်လက်ပြောကြားသည်။

ဖမ်းဆီး

၎င်းသည် ပါကစ္စတန်နိုင်ငံသားဖြစ်ပြီး ဖိုင်ဇယ်ရှာဇတ်ဆိုသူဖြစ်သည်။ ရှာဇတ်သည် ပါကစ္စတန်သို့ပြန်ရန်ကြိုးစားစဉ် မေ ၄ရက်နံနက်ပိုင်းက ကနေဒီ လေဆိပ်၌ ဖမ်းဆီးခံရခြင်းဖြစ်သည်။

ထွက်ခွာ

၎င်းသည် မေ ၁ရက်က နယူးယောက် ရင်ပြင်၌ ကားကို ဗုံးနှင့်အတူထားပြီး ထွက်ခွာသွားခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

မက်ဆာချူးဆက်ရေပိုက်ကြီး ပြုပြင်ပြီးစီး

အမေရိကန်ပြည်ထောင်စု မက်ဆာချူးဆက်ပြည်နယ်၌ သောက်ရေသန့်ပေးသည့် ရေပိုက်ကြီး မေ၁ရက်က ပေါက်သွားသဖြင့် ပြည်နယ်အုပ်ချုပ်ရေးမှူးက အရေးပေါ် အခြေအနေကြေညာခဲ့ရာ ယခုအခါ ရေပိုက်ကြီး ပြုပြင်ပြီးစီးပြီဖြစ်ကြောင်း မေ၄ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ချီလီကမ်းလွန်ကိုဗဟိုပြု၍ မြေငလျင်လှုပ်

တောင်အမေရိကတိုက် ချီလီနိုင်ငံကမ်းလွန်ပင်လယ်ပြင်ကို ဗဟိုပြုလျက် အင်အား ရစ်ချ်တာစကေး ၆ဒသမ၄ရှိ မြေလျင်ပြင်း မေ ၃ရက် မွန်းလွဲပိုင်းက လှုပ်ခဲ့ကြောင်း သိရသော်လည်း အပျက်အစီး အထိအခိုက်သတင်းများ မရသေးဟုဆိုသည်။

ယခုနှစ်ကုန်တွင် ဂြိုဟ်တုနှစ်လုံး အီရန်လွှတ်တင်မည်

အီရန်နိုင်ငံက ကြေးနန်းဆက်သွယ်ရေးနယ်ပယ်တွင် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ရေး တိုးမြှင့်မည့် သဘောတူစာချုပ်ကို ရုရှားနှင့်ချုပ်ဆိုပြီးလျှင် ဂြိုဟ်တုနှစ်လုံး ယခုနှစ်ကုန်၌ လွှတ်တင်မည်ဖြစ်ကြောင်း မေ ၄ရက်က ထုတ်ပြန်ကြေညာသည်။

ရထားအလုပ်သမားတန်းလျား မီးလောင်

တရုတ်နိုင်ငံ အတွင်းမွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ မြို့တော်ဟိုဟော့ရှိ ရထားအလုပ်သမားများတန်းလျား အိပ်ခန်းဆောင်ကို မေ ၃ရက် ည ၁၀နာရီခွဲက မီးလောင်သဖြင့် အနည်းဆုံး ၁၀ဦးသေဆုံးပြီး ၁၄ဦးဒဏ်ရာရရှိသွားကြောင်း မီးသတ် တပ်ဖွဲ့က ကြေညာသည်။ **(အပေါ်ပုံ)**

အီဂျစ်၌ ရေနံချက်စက်ရုံ တရုတ် တည်ဆောက်မည်

တရုတ်ကုမ္ပဏီနှစ်ခုက အီဂျစ်နိုင်ငံတွင် ဒေါ်လာနှစ်ဘီလီယံကုန်ကျမည့် ရေနံချက် စက်ရုံတစ်ရုံတည်ဆောက်ရန် နှစ်ဖက်သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးလိုက်ပြီ ဖြစ်ကြောင်း အီဂျစ်ရေနံဝန်ကြီးဌာနက မေ ၄ရက်၌ ကြေညာသည်။

တောင်ကိုရီးယားဝန်ကြီး ဘရပ်ဆဲလ်သို့ သွားရောက်မည်

တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ယူမြန်ဟွမ်သည် ဥရောပသမဂ္ဂ(အီးယူ)နှင့် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)တာဝန်ရှိသူများနှင့်တွေ့ဆုံရန် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့သို့ သုံးရက်ကြာသွားရောက်မည်ဖြစ်ကြောင်း တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက မေ ၃ရက်တွင် ကြေညာသည်။

နေတိုးရဟတ်ယာဉ် အာဖဂန်အရှေ့ပိုင်း၌ပျက်ကျ

နေတိုးဦးဆောင်သည့် နိုင်ငံတကာလုံခြုံရေးကူညီမှုတပ်ဖွဲ့(အိုင်အက်စ်အေအက်ဖ်)မှ ရဟတ်ယာဉ်တစ်စင်းသည် အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း နူရစ်ဆန်ပြည်နယ်တွင် မေ ၃ရက်က အရေးပေါ်ဆင်းသက်စဉ် ပျက်ကျခဲ့ကြောင်း၊ သို့သော်အသေ အပျောက်မရှိကြောင်း အိုင်အက်စ်အေအက်ဖ်က ကြေညာသည်။

ပါရာဂွေးမူးယစ်တိုက်ဖျက်ရေး ဘရာဇီးထောက်ခံ

ပါရာဂွေးနိုင်ငံနှင့် ဘရာဇီးနိုင်ငံအကြား နယ်စပ်ဒေသ၌ မူးယစ်ဆေးဝါးမှောင်ခို မှုနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ပါရာဂွေးအစိုးရ၏ ကြိုးပမ်းအားထုတ်မှုကို ထောက်ခံကြောင်း ဘရာဇီးသမ္မတ လူလာဒါဆီးလ်ဗားက ပါရာဂွေးသမ္မတဖာနန်ဒိုလူဂို နှင့် တွေ့ဆုံစဉ် မေ ၃ရက်က ပြောကြားသည်။

အီရန်၏နျူကလီးယားအစီအစဉ် ဩစတြေးလျ စိုးရိမ်

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့်စပ်လျဉ်း၍ ဩစတြေးလျနိုင်ငံက များစွာ စိုးရိမ်မကင်းရှိကြောင်း နျူကလီးယားမပြန့်ပွားရေးစာချုပ် ပြန်လည်သုံးသပ်ရေး နယူးယောက်ညီလာခံကျင်းပစဉ် ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး စတီဗင်စမစ်က မေ ၄ရက်တွင် ထုတ်ဖော်ပြောကြားလိုက်သည်။ (အင်တာနက်)

ကိုယ့်အားကိုယ်ကိုး ရေပေးဝေရေး မိုင်းရယ်၌ဖွင့်လှစ်

မိုင်းရယ် မေ ၄

မိုင်းရယ်မြို့နယ် ကိုယ့်အားကိုယ်ကိုး မြို့ရေပေးဝေရေးဖွင့်ပွဲ အခမ်းအနားကို မတ် ၂၇ရက် နံနက် ၈နာရီခွဲက မိုင်းရယ်မြို့ အမှတ်(၂)ရပ်ကွက် ရေလှောင်ကန်၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းကိုက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှကွန့်က ရေပေးဝေမှုအတွက် ရေရှည် ဆောင်ရွက်ရမည့်လုပ်ငန်း များကို ရှင်းလင်းပြောကြားသည်။ ဒေသခံပြည်သူများကိုယ်စား အမှတ်(၂)ရပ်ကွက်မှ ဦးရန်ဒါလ်းက ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ရေပေးဝေရေးမုခ်ဦး၌ အခမ်းအနားကို မြို့နယ် ဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ရပ်မိရပ်ဖတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** ဆက်လက်၍ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးကြည်မြင့်က မြို့ရေ ပေးဝေမည့် ရေကန်ဂိတ်ဘားကို ဖွင့်လှစ်ပေးပြီး မြို့အား ရေစတင် ပေးဝေသည်။ ဖွင့်လှစ်လိုက်သော ရေပေးဝေရေးလုပ်ငန်းသည် ဒေသခံပြည်သူများ ထည့်ဝင်လှူဒါန်းငွေကျပ်သိန်း ၁၂၀ကျော်ဖြင့် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

တိရစ္ဆာန်ကျန်းမာရေးနေ့ အထိမ်းအမှတ်အဖြစ် ကျွဲ၊ နွားများ ကာကွယ်ဆေးထိုးနှံ

မကွေး မေ ၄

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မကွေးတိုင်း ဦးစီးဌာနမှူး ဒေါက်တာ မောင်လှိုင် ဦးဆောင်၍ မကွေးခရိုင်ဦးစီးမှူး ဒေါက်တာယဉ်ယဉ်စန်းနှင့်မြို့နယ်မှဝန်ထမ်း များသည် ဧပြီ ၂၄ရက်က ကျရောက်သည့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးနေ့ အထိမ်း အမှတ်အဖြစ် မကွေးမြို့နယ် ဝွေးတောက် စမ်းကျေးရွာ၊ ညောင်ပင်ကျေးရွာနှင့် ကန်လှ ကျေးရွာတို့တွင် ကျွဲ၊ နွား ပေါင်ပုပ် လက်ပုပ်ရောဂါ ကာကွယ်ဆေးထိုးခြင်း၊ ရောဂါကုသပေးခြင်းနှင့် ပညာပေးဟော ပြောခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ စုပေါင်း အိမ်ရာ ယင်းမာမြိုင်လမ်း အမှတ် ၆၉/၁ နေ ဦးထွန်းလှိုင်-ဒေါ်သန်းနွဲ့၊ သမီး ဒေါက်တာဦးဦးခင်တို့အား ရည်စူး၍ ကျန်ရစ်သူမိသားစုက ဒဂုံမြို့သစ်(အရှေ့ ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်း မကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ ငွေကျပ် ၁၀ သိန်း လှူဒါန်းရာ သူနာပြုအုပ် ဒေါ်မြင့်မေနှင့် စောင့်ရှောက်ရေးသူနာပြု ဒေါ်မာမာအေး တို့ လက်ခံယူကြစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

စာကြည့်တိုက်ရေရှည်တည်တံ့ရေး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ဆွေးနွေး

ရန်ကုန် မေ ၄

ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီး ဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်နှင့် အဖွဲ့ သည် ဧပြီ ၂၉ရက် နံနက် ၉နာရီက (၁၃၃) ရပ်ကွက် ဘ၀ရှေ့ဆောင် စာကြည့်တိုက်သို့ စာကြည့်တိုက် ရေရှည်တည်တံ့ရေးအတွက် ကွင်းဆင်း ဆောင်ရွက်ကြသည်။

ရှင်းလင်းဆွေးနွေး

အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက်ကော်မတီဝင်များ နှင့် ရပ်မိရပ်ဖများအား တွေ့ဆုံပြီး စာကြည့် တိုက်ရှင်သန်ရေး၊ စာငှားကတ်စနစ် ကျင့် သုံးရေး၊ စာအုပ်စာစောင် တိုးပွားရေး၊ ရန်ပုံငွေတိုးပွားရေး ရှင်းလင်းဆွေးနွေး သည်။ ဆက်လက်၍ စာကြည့်တိုက် ဥက္ကဋ္ဌ ဦးအောင်ပုက ဆောင်ရွက်မည့် အခြေအနေ များကို ပြန်လည်ရှင်းလင်းပြောကြားသည်။

(အပေါ်ပုံ)(မြို့နယ် ပြန်/ဆက်)

ကြူကုတ်(ပန်ဆိုင်း)၌ စာကြည့်တိုက် အဆောက်အအုံဖွင့် ရုပ်မြင်သံကြားပြစက်နှင့် စာအုပ်စာစောင်များ လှူဒါန်း

မူဆယ် မေ ၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ် ကြူကုတ်(ပန်ဆိုင်း)၌ လှူငယ့် အားမာန်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၆ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ဖွင့်လှစ်

လူငယ့်အားမာန်စာကြည့်တိုက် အဆောက်အအုံသစ်ကို မူဆယ်မြို့နယ်ဥက္ကဋ္ဌဦးမြဟန်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးဒေးဗစ်၊ ကြူကုတ်(ပန်ဆိုင်း) ဥက္ကဋ္ဌဦးကိုကိုအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး**(အောက်ပုံ)**ခရိုင်ဥက္ကဋ္ဌ ဦးထွန်း မင်းဇော်က အမှာစကားပြောကြားကာ မူဆယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်းက စာကြည့်တိုက် ရှင်သန်ခိုင်မာရေးလုပ်ငန်း(၅)ရပ်နှင့် စာကြည့်တိုက် ဆောက်လုပ်ရခြင်း အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌ ဦးထွန်းမင်းဇော်က ၁၄ လက်မ ရုပ်မြင်သံကြားပြစက် တစ်လုံး၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်းက စာအုပ်စာစောင်အုပ် ၁၅၀၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းမြင့်က ကလျာနှင့် Living Colour မဂ္ဂဇင်းနှစ်မျိုးခြောက်လစာ၊ မူဆယ် မြို့နယ်ဥက္ကဋ္ဌဦးမြဟန်က EVD ပြစက်တစ်လုံး၊ မူဆယ်မြို့နယ်နှင့် ကြူကုတ်(ပန်ဆိုင်း)ရှိ အလှူရှင်များက စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းရာ ကြူကုတ်(ပန်ဆိုင်း)ဥက္ကဋ္ဌ ဦးကိုကိုအောင်က လက်ခံယူသည်။

(ခရိုင် ပြန်/ဆက်)

* ကျော်ဖုံးမှ

- **မီးကြွင်းမီးကျန် မထားရန် ကျင့်ကြံသတိ အမြဲရှိ။**
- **အဖျက်မီးရန် စဉ်တွန်းလှန် မြန်ပြည်အေးချမ်းမည်။**

အထက်ဖော်ပြပါ မီးဘေးသတိပေး ဆောင်ပုဒ်များကို ရန်ကုန်တိုင်း မရမ်းကုန်း မြို့နယ် အုတ်ပုံဆိပ်လမ်းရှိ မီးသတ်ဦးစီး ဌာန(ရုံးချုပ်)ဝင်းအတွင်း အဝင်လမ်းမကြီး တစ်လျှောက်နှင့် မီးသတ်တပ်ဖွဲ့နေ့အခမ်း အနား ကျင်းပမည့် လေ့ကျင့်ရေးကွင်းကြီး ဘေးပတ်လည်တွင် ချိတ်ဆွဲထားခြင်း ဖြစ်သည်။

၂၀၁၀ခုနှစ် မေ ၅ရက်(ယနေ့)သည် ကား မြန်မာနိုင်ငံ၏ မီးသတ်တပ်ဖွဲ့နေ့ပင် ဖြစ်သည်။ ၁၉၄၆ ခုနှစ် မေ ၅ ရက်မှ စတင်သန္ဓေတည် မွေးဖွားလာခဲ့သော မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့သည် ပြည်သူ များ၏ အသက်အိုးအိမ် စည်းစိမ်များကို ကိုယ်ကျိုးစွန့်လွှတ် အနစ်နာခံလျက် ကာကွယ်စောင့်ရှောက်ပေးခဲ့သည်မှာ (၆၄) နှစ်ပင် တင်းတင်းပြည့်ပြီဖြစ်သည်။

ထိုကာလအတွင်း မီးဘေးအန္တရာယ်ကို ကာကွယ်ရင်း ထိခိုက်ဒဏ်ရာရခဲ့သည့် မီးသတ်တပ်ဖွဲ့ဝင် များစွာရှိသကဲ့သို့ အသက်ပေးခဲ့ရသူများလည်း နည်းမည် မဟုတ်ပေ။ ထို့ပြင်တစ်ပါး မြန်မာ တစ်နိုင်ငံလုံးတွင်ရှိသော မီးသတ်တပ်ဖွဲ့ဝင် အားလုံးတို့သည်လည်း ပြည်သူများအား မီးဘေးအန္တရာယ်မှ ကင်းဝေးစေရေး အစဉ် တစိုက် ကာကွယ်စောင့်ရှောက်ပေးနေကြ သည်။ ထိုသူများအား ပြည်သူတစ်ရပ်လုံး အနေဖြင့် ဂုဏ်ပြုကြရမည်သာဖြစ်၏။

မြန်မာ့အလင်း သတင်းအဖွဲ့သည် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကျင်းပမည့် အဆိုပါ မီးသတ်လေ့ကျင့်ရေးကွင်းသို့ မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုဆောင်းပါး ရေးသားရန်ရောက်ရှိခဲ့ရာ စွမ်းရည်ပြည့်ဝ သော မီးသတ်တပ်ဖွဲ့ဝင်များ၏ သရုပ်ပြ စွမ်းရည်ကို အံ့ဖွယ်ဘနန်း ရှုစားခဲ့ရသည်။

ဦးစွာ သရုပ်ပြ တင်ဆက်သော ပြကွက်မှာ ဂက်စ်ဆလင်ဒါအိုး မီးလောင်မှု မီးငြိမ်းသတ်ခြင်းပြကွက်ပင် ဖြစ်၏။ ဂက်စ်အိုးမှ မီးတောက်များ ပန်းထွက်နေစဉ် မီးသတ်တပ်ဖွဲ့ဝင် အမျိုးသမီးတစ်ဦးက ပန်းထွက်နေသော မီးပန်းကို ရုတ်တရက် လက်ဖြင့်ရဲရဲ့စွာပိတ်၍ ငြိမ်းသတ်လိုက်ခြင်း ပင် ဖြစ်သည်။ ထိုပြကွက်သည် အိမ်ရှင်မ များ ကြုံတွေ့ရတတ်သော ဓာတ်ငွေ့အိုး မီးလောင်မှုပင်ဖြစ်သည်။ ဤသို့ မီးဘေး အန္တရာယ်ကြုံတွေ့ရပါက အိမ်ရှင်မများ အနေဖြင့် စိတ်ကိုတည်ငြိမ်အောင်ထားလျက် ဓာတ်ငွေ့ယိုစိမ့်ပြီး မီးပန်းထွက်နေသော အပေါက်ကို လက်ဖြင့်ပိတ်ခြင်းဖြင့် လည်း ကောင်း၊ မီးသတ်ဆေးဘူးသုံး၍ ငြိမ်းသတ် ခြင်းဖြင့်လည်းကောင်း ဆောင်ရွက်နိုင် ကြောင်း မှတ်သားရပါသည်။

ဆီဒယ်အိုးမီးထလောင်မှု

ဒယ်အိုးအတွင်းမှ မီးတောက်မီးလျှံများ တဟုန်းဟုန်းထတောက်နေစဉ် မီးသတ် တပ်ဖွဲ့ဝင် အမျိုးသမီးတစ်ဦးက မီးတောက် ကို စလောင်းဖုံးဖြင့် အုပ်လိုက်ရာ မီးမှာ တစ်မုဟုတ်ချင်း ငြိမ်းသွားလေသည်။ လေထဲရှိ ၂၁ရာခိုင်နှုန်း ပါဝင်သည့် အောက်ဆီဂျင်ကို ဖြတ်တောက်လိုက်၍ မီးငြိမ်းသွားခြင်းပင် ဖြစ်သည်။ ထို မီးငြိမ်းသတ်နည်းကို အိမ်ရှင်မတိုင်း သိထားသင့်သော အချက်ပင်ဖြစ်သည်။

ဆီဗန်းမီးလောင်မှု

ထိုနည်းတူစွာပင် စက်မှုလက်မှု လုပ်ငန်းများတွင် ဆီဗန်းမီးလောင်မှုကို သရုပ်ပြ တင်ဆက်သွားသည်။ ရုတ်တရက် မီးများလွင့်စဉ်ကျ၍ မီးတောက်လောင် နေစဉ် အဝတ်ထူထူကို ရေဆွတ်လျက် မီးတောက်ကိုအုပ်လိုက်ရာ ရုတ်တရက် မီးငြိမ်းသွားလေသည်။ ထိုမီးငြိမ်းသတ်မှုကို စက်မှုလက်မှုလုပ်ငန်းများ လုပ်ကိုင်နေသူ များအနေဖြင့် သိထားသင့်သော မီးငြိမ်း သတ်နည်းပင် ဖြစ်သည်။

လျှပ်စစ်မီးလောင်မှု

ဆက်လက်၍ လျှပ်စစ်ဓာတ်အားကို ပေါ့ပေါ့တန်တန် အသုံးပြုခြင်းကြောင့် မီးလောင်မှုဖြစ်ပွားမှုများကို သရုပ်ပြသွား သည်။ လျှပ်စစ်ဓာတ်အားကို ပေါ့ဆစွာ အသုံးပြုသည့်အတွက် အပူဖြစ်ပေါ်စေပြီး မီးလောင်မှုဖြစ်ပွားစေနိုင်သော အချက် ခြောက်ချက်ရှိသည်။ ယင်းတို့မှာ-

(က) လျှပ်စီးပတ်လမ်း တိုတောင်း သွားခြင်း(Short Circuits)၊

(ခ) လျှပ်စစ် ဓာတ်အားကို သတ်မှတ် ခံနိုင်ဝန်အားထက် ပိုမိုသုံးစွဲခြင်း(Over Load)၊

(ဂ) လျှပ်စစ်ဓာတ်အား ဆက်သွယ် အသုံးပြုရာတွင် ဆက်သွယ်မှု တစ်စိတ်တစ်ပိုင်း ပြတ်တောက် ခြင်း (Partial Disconnection)၊

(ဃ) လျှပ်စစ်စီးလိုင်း တည်ငြိမ်မှု မရှိခြင်း(Tracking)၊

(င) လျှပ်စစ်ယိုစီးခြင်း (Leakage)၊

(စ) မှားယွင်းစွာ ဆက်သွယ်ခြင်း နှင့် ကြေးနီအောက်ဆိုက်အဖြစ် ဓာတ်တိုး၍ အပူထွက်ခြင်း (Cuprous Oxide Generation Phenomenon)။

ယင်းဖြစ်စဉ်များအနက်မှ လျှပ်စီး ပတ်လမ်း တိုတောင်းသွားခြင်း (Short Circuits)ပြကွက်ကို ပြသရာ လျှပ်စစ် သွယ်တန်းရာတွင် အသုံးပြုသော ကြေးနီ ဝိုင်ယာကြိုးနှစ်ချောင်းထိပြီး မီးပွားများ ထွက်ကာ မီးလောင်ခြင်းဖြစ်သည်။ ၎င်း ဖြစ်စဉ်သည် ဝိုင်ယာကြိုးများထိမိ၊ ပူမိပြီး မီးမလောင်စေရန် မီးသုံးစွဲသူများအနေဖြင့် သတိချပ်သင့်ပေသည်။

ပြသ

အထူး သတိပြုသင့်သော အချက် တစ်ချက်မှာ ဝိုင်ယာကြိုးများသည် သတ်မှတ်ခံနိုင်သည့်ဗို့အားထက် ပိုမိုသုံးစွဲ သည့်အခါ ဒဏ်ခံကြိုး(Fuse) မသုံးဘဲ အသုံးပြုခြင်းကြောင့် လျှပ်စစ်ဝိုင်ယာကြိုးမှ အပူထွက်ပြီး မီးလောင်မှု ဖြစ်ပွားရခြင်း ပြကွက်ကိုလည်း ပြသသွားသည်။ ထို့အပြင် ဗို့အား ၁၁၀သုံး ပစ္စည်းများကို ဗို့အား ၂၂၀သုံးမိ၍ မီးလောင်မှု ဖြစ်ပွား ရခြင်း၊ အင်ဗာတာဘက်ထရီအိုး မှားယွင်း ချိတ်မိ၍ မီးလောင်မှုဖြစ်ပွားရခြင်း စသော ပြကွက်များကိုလည်း ပြသသွားသည်။ ယင်းအချက်များသည် လျှပ်စစ်မီးသုံးစွဲသူ များအနေဖြင့် သတိပြု လိုက်နာရမည့် အချက်များပင်ဖြစ်သည်။

မီးသတ်စွမ်းရည်

ဆက်လက်၍ မီးသတ်တပ်ဖွဲ့ဝင်များ ၏ စွမ်းရည်များဖြစ်သည့် ကြိုးကူးနည်း စနစ်များ၊ ကြိုးဆင်းနည်းစနစ်များကိုလည်း ရင်သပ်ရှုမောဖွယ် ပြသသွားသည်။ ယင်း ပြကွက်များသည် အထပ်မြင့် တိုက်တာ များတွင် မီးဘေးအန္တရာယ် ကြုံတွေ့နေရသူ များအား ကြိုးသွယ်တန်းလျက် ကယ်တင် သော ပြကွက်များပင်ဖြစ်သည်။

ရေတွင်းအသက်ကယ်ခြင်း

ရေတွင်းထဲကျနေသူ တစ်ဦးအား မီးသတ်တပ်ဖွဲ့ဝင်နှစ်ဦးက ရေတွင်းထဲသို့ ကြိုးဖြင့်ဆင်းပြီး လေအိုးများသုံးကာ လူနာကို ကြိုးသိုင်းဝတ်စုံ ဝတ်ဆင်လျက် ကယ်တင်သောပြကွက်ကိုလည်း ရင်သပ် ရှုမောဖွယ်ရာ ပြသသွားသည်။ ယင်း ပြကွက်မှာ ကျေးလက်ဒေသနေပြည်သူ အများစု မကြာခဏ ကြုံတွေ့ရသော ဖြစ်စဉ်ဖြစ်၍ သိရှိလေ့လာထားသင့်ပေ သည်။ အလွန်တရာနက်သော ရေတွင်းများ ထဲသို့ အမှုမဲ့အမှတ်မဲ့ မဆင်းသင့်ပေ။ ရေတွင်းထဲ၌ အောက်ဆီဂျင်ဓာတ်ငွေ့ ပြတ်တောက်ခြင်းကြောင့် ရုတ်တရက် ပြုတ်ကျ သေဆုံးနိုင်ပေသည်။

ကြိုးကူးနည်းစနစ်

အထပ်မြင့် အဆောက်အအုံ၌ ဘေးအန္တရာယ်ကြုံနေသူအား ဤသို့ ကြိုးကူးနည်းစနစ်ဖြင့် ကယ်တင်နိုင်သည်။

အမြန်ပြေးဆင်းပြကွက်

အထပ်မြင့် အဆောက်အအုံမှ အမြန်ပြေးဆင်းသော ပြကွက်ကို ဤသို့ တွေ့ရသည်။

လေမွေ့ရာ (Air Mattress) ပေါ်သို့ ခုန်ဆင်းခြင်း

မီးသတ်တပ်ဖွဲ့ဝင် တစ်ဦးသည် လေမွေ့ရာပေါ်သို့ ဘေးအန္တရာယ်ကင်းရှင်း စွာ ခုန်ချသောပြကွက်ကို ဆက်လက်ပြသ သွားသည်။ တစ်စုံတစ်ယောက်သောသူ သည် အထပ်မြင့် အဆောက်အအုံတစ်ခု အပေါ်၌ရှိနေပြီး အဆောက်အအုံကို မီးဝိုင်း နေ၍ လှေကားမှဆင်းရန် အခြေအနေ မပေးသည့်အခါ ထိုနည်းကို သုံးရပေလိမ့် မည်။ အထပ်မြင့် အဆောက်အအုံ ပေါ်မှ ခုန်ချမည့်သူအနေဖြင့် စိတ်ကို တည်ငြိမ်စွာထားပြီး ခြေထောက်၊ ဦးခေါင်း၊ လက်တို့ဖြင့် မကျစေရန် သတိပြု ခုန်ချရမည်ဖြစ်သည်။ လေမွေ့ရာ ပေါ်သို့ တင်ပါးနှင့်သာကျစေရန် သတိ ပြုသင့်ပေသည်။

အန္တရာယ်ရှိသော ဓာတုပစ္စည်းမတော်တဆဖြစ်ပွားမှု

မီးသတ်တပ်ဖွဲ့ဝင်နှစ်ဦးက အန္တရာယ် ရှိသော ဓာတုပစ္စည်းပေါက်ကွဲမှု သို့မဟုတ် ယိုစိမ့်မှုဖြစ်ပွားစဉ် Chemical Protection Suit ဝတ်စုံများ ဝတ်ဆင်လျက် ဓာတ်ငွေ့ယိုစိမ့်ပေါက်ကို ပိတ်ဆို့သော ပြကွက်ကို ပြသသွားသည်။ ယင်းဖြစ်စဉ် သည် စက်မှုထွန်းကားသော နိုင်ငံများတွင် ကြုံတွေ့ရသော ဖြစ်စဉ်ဖြစ်သည်။ ၎င်း ဖြစ်စဉ်သည် ၁၉၈၆ခုနှစ် ဩဂုတ်လက ရုရှားနိုင်ငံ ချာနိုဘိုင်းလ်၌ အဏုမြူ ပေါက်ကွဲမှုဖြစ်စဉ်နှင့် အလားတူဖြစ်သည်။

တောမီးလောင်မှုငြိမ်းသတ်ခြင်း

မီးသတ်တပ်ဖွဲ့ဝင်များက တောမီး လောင်ခြင်းကို မီးရိုက်တုတ်၊ မီးကပ်များ အသုံးပြု ငြိမ်းသတ်သွားသည်ကို တွေ့ရ သည်။ တောမီးလောင်မှုများသည် ပူပြင်း ခြောက်သွေ့သောရာသီတွင် ဖြစ်ပွားလေ့ရှိ သည်။ တောမီးလောင်မှုမှာ အမဲလိုက်ခြင်း၊ တောတွင်း၌ မီးကိုမဆင်မခြင် သုံးစွဲခြင်း၊ ရွှေ့ပြောင်းတောင်ယာများ၊ မြေယာသစ်များ ဖော်ထုတ်သည့် တောမီးရှို့ခြင်း၊ မီးကြွင်း မီးကျန် ဆေးလိပ်တိုများ မဆင်မခြင် ပစ်ခြင်းတို့ကြောင့် တောမီးလောင်မှု ဖြစ်ပွားလျက်ရှိသည်။ တောမီးလောင်ခြင်း သည် ဂေဟစနစ်ပျက်စီးပြီး ရာသီဥတု ပျက်စီးနိုင်၍ သတိပြုသင့်ပေသည်။

ကားမီးလောင်မှုငြိမ်းသတ်ခြင်း

ခေတ်မီတိုးတက်လာသည်နှင့်အမျှ မြို့ကြီးပြကြီးများတွင် မော်တော်ကား စီးရေမှာ တစ်နေ့တခြား များပြားလာလျက် ရှိရာမှ ကားမီးလောင်မှုများလည်း မကြာ ခဏ ဖြစ်ပွားလေ့ရှိသည်။ မီးသတ် တပ်ဖွဲ့ဝင်များက မော်တော်ကားမီးလောင်မှု ဖြစ်စဉ်တွင် Water Mist, Impulse Gun အသုံးပြုပြီး မီးငြိမ်းသတ်သွား သကဲ့သို့ ကားအတွင်း ပိတ်မိနေသော ယာဉ်မောင်းအား Hydraulic Cutter, Hydraulic Spreader, Hydraulic Ram တို့ကို အသုံးပြုလျက် ကယ်တင်နိုင်ခဲ့ သည်ကို တွေ့ရသည်။ မော်တော်ကား မီးလောင်မှုများသည် ရာသီဥတု ပူပြင်း၍လည်းကောင်း၊ စက်ပိုင်းဆိုင်ရာ ချွတ်ယွင်း၍လည်းကောင်း၊ ယာဉ်မောင်းများ၏ ပေါ့ဆမှုကြောင့်လည်းကောင်း ဖြစ်ပွားနိုင် သည်ကို သတိပြုသင့်ပေသည်။

တဲမီးလောင်မှုငြိမ်းသတ်ခြင်း

မီးသတ်တပ်ဖွဲ့ဝင်များက မီးလောင် နေသော တဲအိမ်တစ်လုံးကို မီးချိတ်၊ မီးကပ်၊ ရေပုံးတို့ကို အသုံးပြုပြီး ငြိမ်းသတ်သွားခြင်းဖြစ်သည်။ ကျေးလက် နေပြည်သူများအနေဖြင့် မိမိတို့ဒေသ၌ မီးလောင်မှု ကာကွယ်တားဆီးရန် အိမ်တိုင်း အိမ်တိုင်း မီးချိတ်၊ မီးကပ်နှင့် ရေပုံးများ၊ သဲပုံးများအိမ်ရှေ့၌ အသင့်ထားရှိသင့် ကြောင်း သတိပြုအပ်ပေသည်။

ဆိုင်ကယ်စီးသရုပ်ပြခြင်း

မီးသတ်တပ်ဖွဲ့ဝင်များက ဆိုင်ကယ် ကို တစ်ယောက်ချင်းသော်လည်းကောင်း၊ နှစ်ယောက်တွဲ သော်လည်းကောင်း၊ သုံးယောက်တွဲသော်လည်းကောင်း သရုပ်ပြ စီးနင်းခဲ့သည်။ ယင်းပြကွက်သည် မီးလောင်မှုဖြစ်ပွားစဉ် မီးသတ်ယာဉ် ဝင်ရောက်ရန် ခက်ခဲသော လမ်းကျဉ်းများ အတွင်း အောင်မြင်စွာ ဝင်ရောက်၍ မီးငြိမ်းသတ်ခြင်းပင် ဖြစ်သည်။

မီးသတ်ယာဉ်များဖြင့် သရုပ်ပြခြင်း နောက်ဆုံးပြကွက်အဖြစ် မီးသတ်တပ်ဖွဲ့ဝင် များက မီးသတ်ယာဉ်များကို အသုံးပြုပြီး မီးလောင်မှုဖြစ်ပွားစဉ် မီးငြိမ်းသတ်မှု အမျိုးမျိုးကို ပြသသွားသည်။

အထက်ဖော်ပြပါ မီးလောင်မှုဖြစ်စဉ် များ ဖြစ်ပွားပါက ပြည်သူများအနေဖြင့် မီးသတ်တပ်ဖွဲ့သို့ အမြန်ဆုံး အကြောင်း ကြားရမည်ဖြစ်သည်။ **ဆက်သွယ်ရန် ဖုန်းနံပါတ်များမှာ-**

အရေးပေါ်
ဖုန်း-၁၉၁

မီးသတ်ဦးစီးဌာန(ရုံးချုပ်)
ဖုန်း-၀၁-၆၆၆၉၁၂၊ ၀၁-၆၆၆၉၁၃

နေပြည်တော်မီးသတ်
ဖုန်း-၀၆၇-၄၂၀၀၀၅

ရန်ကုန်တိုင်းမီးသတ်ကွပ်ကဲ
ဖုန်း-၀၁-၂၅၂၀၁၁၊ ၀၁-၂၅၂၀၁၂

မန္တလေးတိုင်းမီးသတ်ကွပ်ကဲ
ဖုန်း-၁၉၁

တို့ဖြစ်သည်။

သို့ပါ၍ ပြည်သူတစ်ရပ်လုံးအနေဖြင့် မီးဘေးရှောင် မလောင်ခင်ကတားဆိုသည့် အတိုင်း မီးဘေးအန္တရာယ် ကင်းဝေးစေရေး အတွက် အထက်ဖော်ပြပါ မီးလောင်မှု ဖြစ်စဉ်များကို သတိပြုလိုက်နာပြီး မီးလောင် မှု လျော့ပါးစေရေး ဆောင်ရွက်သွားရန် (၆၄)နှစ်မြောက်မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုလျက် ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

စွမ်းရည်ပြ

မီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းရည်ပြ မီးငြိမ်းသတ်မှုကို ဤသို့ တွေ့ရသည်။

5-5 (06).pmd 1 5/5/2010, 1:25 AM



မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အကြိမ်(၂၀)မြောက် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲ အခမ်းအနားကျင်းပ

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အကြိမ်(၂၀)မြောက် နှစ်ပတ်လည် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် မေ ၄

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အကြိမ်(၂၀)မြောက် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာသော်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်ဝေဝေသာနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်နှင့် အတွင်းရေးမှူးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပြည်နယ်၊တိုင်း ကျန်းမာရေးဦးစီးဌာနမှူးများ၊ ပြည်နယ်၊တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့်အဖွဲ့ဝင်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ နေပြည်တော်လယ်ဝေး၊ နေပြည်တော်ပျဉ်းမနားနှင့် နေပြည်တော်တပ်ကုန်းမြို့နယ်များမှ ခရိုင်၊မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက အဖွင့်အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအနေဖြင့် ယခုကဲ့သို့ နှစ်ပတ်လည်အစည်းအဝေးများကို ကျင်းပနိုင်ခဲ့သည်မှာ ယခုနှစ်ဆိုလျှင် အကြိမ်(၂၀)မြောက် ရှိခဲ့ပြီဖြစ်၍ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ၁၉၉၁ ခုနှစ် အသင်းကြီးစတင်ဖွဲ့စည်းခဲ့သည်မှစပြီး မြန်မာနိုင်ငံတစ်ဝန်း ဖြန့်ကြက်ကာ မိခင်များနှင့်ကလေးများကို အခြေပြု၍ မိသားစုကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး ပြည့်ဝစေရေးအတွက် ဆောင်ရွက်နေကြသော အသင်းဝင်အားလုံး၏ ကြီးမားမြင့်မြတ်သော စေတနာနှင့်လုပ်ငန်းများကိုလည်းအားလုံးသိမြင်နိုင်ကြပြီးဖြစ်ကြောင်း။

နိုင်ငံတစ်ဝန်းလုံးရှိသည့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်ပေါင်း ၁၂သန်းကျော်၏ စေတနာ၊ မေတ္တာကို အရင်းခံ၍ မိခင်နှင့်ကလေးများ၊ မိသားစုများအားလုံးအား ဘက်စုံဖွံ့ဖြိုးတိုးတက်စေမှုရရှိစေပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် စွမ်းစွမ်းတမံ အကျိုးပြုစေနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်အောင် စွမ်းဆောင်ပေးလျက်ရှိကြသည်ကိုလည်း အားလုံးသိကြပြီးဖြစ်ကြောင်း။

အထူးဦးစားပေး

မြန်မာနိုင်ငံ လူဦးရေ၏ ၆၀ ရာခိုင်နှုန်းကျော်သည် မိခင်နှင့်ကလေးများဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ မိခင်သေနှုန်း၊ မွေးကင်းစ၊ တစ်နှစ်အောက်နှင့် ငါးနှစ်အောက် ကလေးသေနှုန်းသည် နိုင်ငံ၏ အရေးကြီးပြီး အခြေခံကျသည့် ကျန်းမာရေးအညွှန်းကိန်းများဖြစ်၍ စီးပွားရေး၊ လူမှုရေးဆက်စပ်နေကြောင်း၊ နိုင်ငံတော်အကြီးအကဲကလည်း မိခင်နှင့်ကလေး ကျန်းမာရေးကိစ္စများကို အထူးဦးစားပေး ကဏ္ဍတစ်ရပ်အနေဖြင့် ဆောင်ရွက်ရန်လိုကြောင်း လမ်းညွှန်ထားကြောင်း။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဆင့်ဆင့်မှ အသင်းဝင်များအနေဖြင့် အသင်းကြီး၏ အဓိကလုပ်ငန်းများဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းများတွင် ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသော အသိပညာ၊ အတတ်ပညာများကို လေ့လာဆည်းပူး၍ ကိုယ်တိုင်ကျင့် တစ်ဆင့်ပွားကာ မြို့ပြကျေးလက်အနှံ့ ပြည်သူများ၏ဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ကြရန်ကိုလည်း တိုက်တွန်းအပ်ပါကြောင်း ပြောကြားပြီး ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်းပြသထားသော မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ လူမှုရေးဆောင်ရွက်ချက် လှုပ်ရှားမှု ဓာတ်ပုံများနှင့် ပြည်နယ်၊တိုင်းများမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များ၏ လှုပ်ရှားမှုမှတ်တမ်းများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ထို့နောက်မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အကြိမ်(၂၀)မြောက်နှစ်ပတ်လည် အစည်းအဝေးပထမပိုင်း အစီအစဉ်ကို နံနက်၁၀နာရီတွင် ကျင်းပရာမြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာသော်က သဘာပတိအဖြစ် ဆောင်ရွက်သည်။

စေတနာ့ဝန်ထမ်း

ရှေးဦးစွာသဘာပတိ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာသော်က အဖွင့်အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကို နိုင်ငံတော်တစ်ဝန်းလုံးရှိ မိခင်နှင့်ကလေးများ၏ ကျန်းမာရေး၊ ပညာရေး၊စီးပွားရေး၊ လူမှုရေးများစောင့်ရှောက်ပေးခြင်းဖြင့် မိသားစုဘဝ အဆင့်အတန်း မြင့်မားလာရန်အတွက် ၁၉၉၁ခုနှစ် ဧပြီ ၃၀ ရက်မှ စတင်ပြီး ဖွဲ့စည်းထားသည့် စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် ပြည်သူထဲက ပေါက်ဖွားလာသည့် အင်အားစုတစ်ရပ်ဖြစ်သည်နှင့်အညီ အသင်းဝင်များအနေဖြင့် မြန်မာနိုင်ငံ တစ်နံတစ်လျား ကျေးလက်အောက်ခြေအထိ ဖြန့်ကြက်ပြီး ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးများကို ဆောင်ရွက်ပေးနေသည်မှာ ယခုဆိုလျှင် သက်တမ်း(၁၉)နှစ်ပြည့်ခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်၏ စစ်မှန်သော အင်အားပြည့် စေတနာ့ဝန်ထမ်း စွမ်းအားစုကြီးတစ်ရပ်အဖြစ် ထင်ရှားစွာရပ်တည်လာနိုင်ခဲ့သည်ကို အားလုံးသောပြည်သူများက မျက်ဝါးထင်ထင် တွေ့မြင်နေကြရကြောင်း။

ကြိုးပမ်းအားထုတ်မှု

အသင်းကြီး၏ ယုံကြည်ချက်အတိုင်း တစ်နှစ်ထက်တစ်နှစ်ပို၍ ပီပြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး သက်ဆိုင်ရာ ပြည်နယ်၊တိုင်း၊ခရိုင်၊ မြို့နယ်မှသည် ရပ်ကွက်၊ ကျေးရွာအထိ အဆင့်ဆင့်သောအသင်းဝင်များ၏ ကြိုးပမ်းအားထုတ်မှုကြောင့် တစ်နိုင်ငံလုံး အသင်းခွဲပေါင်း ၂၁၆၅၃သင်းနှင့် အသင်းဝင်ပေါင်း ၁၂သန်းကျော်ရှိပြီဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် သိမ်မွေ့ညင်သာစွာ အသွင်ကူးပြောင်းနိုင်ရန် မူဝါဒလမ်းစဉ်များချမှတ်ပြီး စီစဉ်ဆောင်ရွက်ရာ၌ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အနေဖြင့် ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များနှင့် ၎င်းတို့အား မွေးဖွားပေးသည့် သားကောင်းမိခင်များ၏ ကျန်းမာရေး၊ ပညာရေး၊စီးပွားရေး၊ လူမှုရေးများကို ကူညီစောင့်ရှောက်ပေးနေသည့် လူမှုရေးအသင်းအဖွဲ့အစည်း တစ်ရပ်ဖြစ်သည့်အားလျော်စွာ နိုင်ငံတော်တည်ဆောက်ရေးတွင် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပါဝင်နေရသည့်အတွက် ဝမ်းမြောက်ဝမ်းသာစွာ ဂုဏ်ယူမိကြောင်း။

ညှိနှိုင်းပေါင်းစပ်

မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းသည် နိုင်ငံတော်၏စေတနာ့ဝန်ထမ်းအဖွဲ့အစည်းတစ်ခုဖြစ်သည်နှင့်အညီ မိမိတို့နှင့်တူညီသော ခံယူချက်၊ ယုံကြည်သော စေတနာတို့ဖြင့် ဆောင်ရွက်ကြသည့် အခြားသော နိုင်ငံတော်၏ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့်အတူ အမျိုးသားရေးကြိုးပမ်းဆောင်ရွက်မှုများတွင် စနစ်တကျ အောင်အောင်မြင်မြင် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရင်း အစဉ်ထာဝရအများအကျိုးကို ဆက်လက်ဦးတည် ဆောင်ရွက်ပေးကြရန်လည်း အထူးတိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်သဇင်နွယ်က ၂၀၀၉ ခုနှစ် လုပ်ငန်းအစီရင်ခံစာကိုလည်းကောင်း၊ အကျိုးဆောင်စာရင်းစစ် ဒေါ်သန်းသန်းအေးက ၂၀၀၉-၂၀၁၀ခုနှစ် ဘဏ္ဍာရေးနှစ်၏ စာရင်းစစ်အစီရင်ခံစာကိုလည်းကောင်း၊ ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်က ၂၀၀၉-၂၀၁၀ ခုနှစ် ဘဏ္ဍာရေးနှစ်ငွေစာရင်းရှင်းတမ်းနှင့် ၂၀၁၀-၂၀၁၁ခုနှစ် ရသုံးမှန်းခြေစာရင်းကိုလည်းကောင်း ဖတ်ကြားတင်သွင်းကြပြီး စာရင်းစစ် အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းတို့ကို သဘောတူညီမှု ရယူအတည်ပြုကြသည်။

ဖတ်ကြားတင်သွင်း

ယင်းနောက် ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ ပြည်နယ်၊တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များက မိမိတို့ ပြည်နယ်နှင့်တိုင်းအလိုက် ၂၀၀၉ ခုနှစ် နှစ်ချုပ်အစီရင်ခံစာများကို ဖတ်ကြားတင်သွင်းကြရာ ကချင်ပြည်နယ်၊ကယားပြည်နယ်၊ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း(အရှေ့ပိုင်း)နှင့် ပဲခူးတိုင်း(အနောက်ပိုင်း)တို့မှ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များက ဖတ်ကြားတင်သွင်းကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

အစီရင်ခံစာများ

ထို့နောက် အစည်းအဝေး၏ မွန်းလွဲပိုင်း အစီအစဉ်များကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ်ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်ဝေဝေသာက ဆောင်ရွက်ပြီး မကွေးတိုင်း၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ဧရာဝတီတိုင်းတို့မှ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များက ၂၀၀၉ ခုနှစ် နှစ်ချုပ်အစီရင်ခံစာများကို ဖတ်ကြားတင်သွင်းကြပြီး အစည်းအဝေး ပထမနေ့ အစီအစဉ်ကို ရပ်နားလိုက်သည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အကြိမ်(၂၀)မြောက် နှစ်ပတ်လည် အစည်းအဝေးကို မေ ၆ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဓာတ်ဆီဖြည့်မှုသတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု (Friction) မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity) တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် မေ ၄

ရှားပါးစာအုပ်ပြပွဲနှင့် အထူးဈေးရောင်းပွဲ ခင်းကျင်း

စာပေချစ်မြတ်နိုးသူများ၊ စာအုပ်စုဆောင်းသူများအတွက် အမြင်သစ်စာပေမှ ရှားပါးစာအုပ်ပြပွဲ၊ ရောင်းပွဲနှင့် အထူးလျှော့နှုန်းဖြင့် ဈေးရောင်းပွဲကို မေ ၃ ရက်မှ ၁၁ရက်အထိ ပန်းဆိုးတန်းလမ်း(အလယ်) Kyaw Home Mart အပေါ်ထပ်ရှိ စာပေလောက(၅)နှင့် အမြင်သစ်စာအုပ်ဆိုင် ၁၄၆ (A) ၃၇လမ်း(အလယ်) မဟာဗန္ဓုလလမ်းနှင့် အနော်ရထာလမ်းကြား ရန်ကုန်မြို့၌ ခင်းကျင်းရောင်းချပေးလျက်ရှိသည်။

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ညီလာခံ ကျင်းပမည်

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ပဉ္စမအကြိမ်ညီလာခံကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ မေ ၁၆ ရက်နှင့် ၁၇ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

ဓာတ်ပုံပညာသင်တန်း တက်ရောက်နိုင်

မြန်မာနိုင်ငံ ဓာတ်ပုံအသင်းက ဓာတ်ပုံပညာပြန့်ပွားရေးအတွက် အခြေခံဓာတ်ပုံပညာ သင်တန်းအမှတ်စဉ်(၁၉)ကို ဖွင့်လှစ်မည်ဖြစ်ပြီး တက်ရောက်လိုသူများ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ၃၅လမ်း(အောက်) အမှတ်၂၇/၂၉ ဖုန်း-၃၇၃၁၆၇ မြန်မာနိုင်ငံ ဓာတ်ပုံအသင်းသို့ ဆက်သွယ်နိုင်သည်။ သင်တန်းသားများအား ဓာတ်ပုံပြိုင်ပွဲများ ပြုလုပ်ပေးမည်ဖြစ်ပြီး တစ်လလျှင်နှစ်ကြိမ် ဓာတ်ပုံစကားဝိုင်းများလည်း ကျင်းပပေးမည်ဖြစ်သည်။

ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲ စာမူများဖိတ်ခေါ်

ကျေးလက်အလှသဘာဝများ၊ ကျေးလက်ယဉ်ကျေးမှုဓလေ့များနှင့် ဘဝသရုပ်ဖော်အကြောင်းအရာများ ရေးဖွဲ့ထားသော ဝတ္ထုတိုများကို ပြိုင်ပွဲဝင်ရန်အတွက် ဒို့ကျေးရွာဂျာနယ်မှ စာမူများဖိတ်ခေါ်ထားပြီး အမှတ်၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆နှင့် ၃၇၃၃၄၂တို့သို့ ဆက်သွယ်စုံစမ်းပေးပို့နိုင်သည်။ စာမူနောက်ဆုံးပို့ရက်မှာ စက်တင်ဘာ ၂၀ ရက်ဖြစ်သည်။

သက်တန်းအလိုက် စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်နှင့် PIEC တို့ ပူးပေါင်းကျင်းပမည့် သက်တန်းအလိုက် လူငယ်တံခွန်စိုက်စစ်တုရင်ပြိုင်ပွဲကို မေ ၁၃ရက်မှ ၂၀ရက်အထိ ကမာရွတ်မြို့နယ် အောင်မြေသာစည်အိမ်ရာ အောင်ချမ်းသာ ၄လမ်းရှိ PIEC ၌ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်လိုသူများ မေ ၁၁ရက် နောက်ဆုံးထား၍ အောင်ဆန်းအားကစားပြိုင်ဝင်း မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ရုံးခန်း၌ စာရင်းပေးသွင်းနိုင်သည်။

မြို့မကျောင်းသားဟောင်းအသင်း မှတ်တမ်းဓာတ်ပုံတောင်းခံထား

မြို့မကျောင်းသမိုင်းနှင့် မြို့မကျောင်းသားကျောင်းသူဟောင်းအသင်း သမိုင်းပြုစုရန်အတွက် မှတ်တမ်းမှတ်ရာ အထောက်အထားများ၊ မှတ်တမ်းဓာတ်ပုံများရှိပါက မိတ္တူများကို မြို့မကျောင်းသားကျောင်းသူဟောင်း အသင်းအမှတ် ၆၈ စကားဝါလမ်း ဒဂုံမြို့နယ် ဖုန်း-၂၅၀၁၅၃နှင့် ၇၃၀-၁၁၇၀၇တို့သို့ ဇွန်၁၅ရက်နောက်ဆုံးထားပေးပို့ရန် တောင်းခံထားသည်။

မသန်စွမ်းသူများအတွက် သင်တန်းဖွင့်မည်

မသန်စွမ်းသူများအတွက် အလုပ်အကိုင်ရရှိရေးနှင့် အသက်မွေးဝမ်းကျောင်းပညာ တတ်မြောက်စေရေးအတွက် ရွှေမင်းသား ဖောင်ဒေးရှင်းက အင်္ဂလိပ်၊ တရုတ်စကားပြောသင်တန်းများနှင့် ကွန်ပျူတာသင်တန်းများကို အခမဲ့သင်ကြားပေးမည်ဖြစ်ရာ ဖုန်း-၂၂၂၉၂၃၊ ၂၁၅၉၃၉ နှင့် ၀၉-၅၀၃၄၄၀၄ တို့သို့ ဆက်သွယ်လျှောက်ထားနိုင်သည်။

ဆေးရောင်လှလှခြယ်ရအောင် တေးစီးရီးဖြန့်ချီမည်

အနုပညာလောက၌ သရုပ်ဆောင်နှင့် စင်မြင့်ဖျော်ဖြေပွဲများတွင် တေးသီချင်းများ သီဆိုနေသူ စန္ဒီမြင့်လွင်၏ ပထမဆုံးတေးစီးရီးဖြစ်သည့် ဆေးရောင်လှလှခြယ်ရအောင် အမည်ရှိ တေးစီးရီးကို မေ ၁၈ ရက်တွင် ဖြန့်ချိနိုင်ရန် စီစဉ်နေကြောင်း သိရသည်။

ရမည်းသင်းအသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရမည်းသင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မေ ၁၆ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ဗဟန်းအားကစားကွင်းအနီးရှိ M-3 Food Centre ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများနှင့် ရမည်းသင်းမြို့တွင် နေထိုင်ခဲ့ဖူးသူများ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ ။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ-ဝင်းကျော်

“စိုက်ပျိုးသီးနှံတွေအတွက် ရေကို လိုရင် လိုသလောက် မပြတ်တင်ပေးနေပါတယ်”

ဦးမောင်မောင်လွင်
လက်ထောက်ညွှန်ကြားရေးမှူး၊
ရေအရင်းအမြစ်
အသုံးချရေးဦးစီးဌာန။



“မြစ်ရေတင်စီမံကိန်းတွေရဲ့ ကျေးဇူးကြောင့် နွေစပါး၊ မိုးစပါးနဲ့ ဆောင်းသီးနှံတွေကို သုံးရာသီစလုံး စိုက်ပျိုးနိုင်ပါပြီ”

ဦးမြဟန်(တောင်သူ)
သူကောင်းတည်ကျေးရွာ။

○ ရှေ့ဖုံးမှ

ကျေးဇူးကြောင့်ဖြစ်ကြောင်း သူကောင်းတည်ကျေးရွာ ပေါင်းစည်းလယ်ယာသို့ စာရေးသူရောက်ခဲ့စဉ် တောင်သူများ ပြောကြားခဲ့သဖြင့် သိခဲ့ရသည်။

မြစ်ရေတင်စီမံကိန်း

ညောင်ဦးခရိုင်တွင် လျှပ်စစ်မြစ်ရေတင်စီမံကိန်း ငါးခုရှိကြောင်း သိရသည်။

ဧပြီ ၂၀ရက်က စာရေးသူသည် သတင်းဆောင်းပါးရေးရန် လက်ပန်ခြေပေါ် မြစ်ရေတင် စီမံကိန်းလုပ်ငန်းခွင်ဆီသို့ ခရီးဆက်ခဲ့သည်။ လက်ပန်ခြေပေါ် မြစ်ရေတင်စီမံကိန်းသည် ညောင်ဦး - မြင်းခြံလမ်း၊ ညောင်ဦးမှ ၁၅မိုင်ကျော်အကွာ လက်ဝဲဘက်အခြမ်းတွင် ရှိသည်။

ညောင်ဦးသို့ စာရေးသူရောက်ခိုက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်လွင်က လက်ပန်ခြေပေါ် မြစ်ရေတင်စီမံကိန်းသို့ လာရောက်လေ့လာရန် ဖိတ်ခေါ်သဖြင့် ညောင်ဦး-မြင်းခြံလမ်းအတိုင်း မြစ်ရေတင်စီမံကိန်းရှိရာသို့ ခရီးထွက်လာခဲ့ခြင်းဖြစ်သည်။ လမ်းတစ်လျှောက် လမ်းဘေးဝဲယာရှိ စိမ်းစိုစို စပါးခင်းများကို စာရေးသူ မျှော်ကြည့်ရင်းလိုက်ပါလာစဉ် ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ညောင်ဦးမှ ရှစ်မိုင်ခန့်တွင် သူကောင်းတည် လျှပ်စစ်မြစ်ရေတင်စီမံကိန်းလည်း ရှိသည်ဟုဆိုသည်။ ထိုမြစ်ရေတင် စီမံကိန်းကို ကားလမ်းမပေါ်မှ လှမ်းမတွေ့ရသော်လည်း စီမံကိန်းမှ သွယ်ဆင်းလာသော ရေသွယ်မြောင်းများနှင့် တသွင်သွင်စီးနေသော စိုက်ပျိုးရေများကိုမူ လယ်ကွင်းများအကြား တွေ့နေရသည်။

ပြင်ဆင်ထား

ညောင်ဦး-မြင်းခြံ လမ်းဘေး အချို့နေရာများတွင်မူ ထွန်ယက်ထားသော ကွင်းပြင်အချို့ကို တွေ့ရသည်။ နွေလယ်မိုး တစ်ပြိုက် နှစ်ပြိုက်ကျသည်နှင့် ပဲစိုက်ရန် ပြင်ဆင်ထားခြင်းဖြစ်ကြောင်း သိရသည်။

ညောင်ဦးမှ နာရီဝက်ကျော်ကျော်သွားပြီးသော် မော်တော်ယာဉ်ကို လမ်းဝဲဘက်သို့ ချိုးဝင်လိုက်သည်။ ကတ္တရာလမ်းတော့မဟုတ်။ ခိုင်မာကျစ်လျစ်နေသော ရေသွယ်မြောင်းဘေးပေါင် မြေသားလမ်းမပေါ်သို့ ဖြစ်သည်။ လမ်းအတွင်း အနောက်ဘက်ဆီသို့သွားပြီး မကြာမီတွင် ပိုက်လိုင်းကြီးများဖြင့် ရေတင်နေသော လက်ပန်ခြေပေါ် မြစ်ရေတင်စီမံကိန်းနှင့်အတူ ရေအတော်ပင် ကျနေပြီဖြစ်သော မြစ်မင်းဧရာကို စာရေးသူ တွေ့လိုက်ရသည်။

တစ်ဆက်တည်းပင် မြစ်မင်းဧရာ၏ များပြားလှသော ကျေးဇူးကို စာရေးသူ တွေးတော ခံစားလိုက်မိ၏။

ကျေးဇူးပြု

လွန်လေပြီးသော ကာလများက မြစ်မင်းဧရာသည် ထက်အောက်စုန်ဆန် ခရီးသွားလာနိုင်ရေး၊ ငါး၊ ပုစွန်များ ဖမ်းယူရရှိနိုင်ရေးနှင့် မြစ်ကမ်းတစ်လျှောက် ပြည်သူများ သုံးရေရရှိရေးတို့အတွက်သာ ကျေးဇူးပြုခဲ့သော်လည်း ယခုအခါ ဒေသဝန်းကျင်ရှိ ပြည်သူများအတွက် တစ်နှစ်ပတ်လုံး စိုက်ပျိုးရေ၊ သောက်ရေနှင့် သုံးရေရရှိရေးကိုပါ ကျေးဇူးပြုလျက်ရှိနေပေပြီ။ နွေကာလ၌ မြစ်အတွင်း ရေနည်းနေသော်လည်း သီးနှံစိုက်ပျိုးရေ ရရှိရေးအတွက် အားခဲကာ ပေးဝေနေသော မြစ်မင်းဧရာပါပေ။

မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိစဉ် ကြိုစောင့်နေသော လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်လွင်က “ဒါကတော့ ညောင်ဦးခရိုင်မှာရှိတဲ့ လျှပ်စစ်မြစ်ရေတင် ငါးခုထဲက တစ်ခုပါပဲ။ အနီးဝန်းကျင်က စပါး၊ ဝါနဲ့ ဆီထွက်သီးနှံဧက ၁၅၀၀ကို စိုက်ပျိုးရေ ပေးဝေနေပါတယ်။ စိုက်ပျိုးသီးနှံတွေအတွက် ရေလိုရင် လိုသလောက် မြစ်ရေကို မပြတ်တင်ပေးနေပါတယ်။”

လက်ပန်ခြေပေါ်မြစ်ရေတင်

လက်ပန်ခြေပေါ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းတွင် ပင်မရေတင်စခန်း တစ်ခုနှင့် ထပ်ဆင့်ရေတင်စခန်း တစ်ခုရှိသည်။ ပင်မမြောင်းမှာ အရှည်ပေ ၁၄၀၀၀ရှိပြီး လက်တံမြောင်း အရှည်မှာ ပေ ၂၁၀၀၀ရှိကြောင်း သိရသည်။

မြစ်ရေတင်စီမံကိန်းများ၏ အကျိုးကျေးဇူးသည် ယခုကဲ့သို့နွေကာလတွင် ပို၍ သိသာထင်ရှားလှ၏။ ထိုကာလများတွင် သီးနှံများ၏ စိုက်ပျိုးရေအတွက် အဓိက အားထားရသည်မှာ ဆည်တမံများနှင့် မြစ်ရေတင်စီမံကိန်းများပင် ဖြစ်သည်။

လောကနန္ဒာ
လျှပ်စစ်မြစ်ရေတင်

လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်၏ ပင်မရေတင်စခန်းကို ဤသို့ တွေ့ရသည်။

အတွက် တစ်နှစ်ပတ်လုံး ယခုထက် ပိုမို၍ ရေရရှိနေတော့မည်ဖြစ်သည်။

ညောင်ဦးခရိုင်တွင် လက်ပန်ခြေပေါ် လျှပ်စစ် မြစ်ရေတင်စီမံကိန်းအပြင် အခြားစီမံကိန်း လေးခုမှာ လောကနန္ဒာလျှပ်စစ်မြစ်ရေတင်၊ ကျောက်ကူး လျှပ်စစ်မြစ်ရေတင်၊ သူကောင်းတည် လျှပ်စစ်မြစ်ရေတင်နှင့် ငါ့သရောက် လျှပ်စစ်မြစ်ရေတင်စီမံကိန်းတို့ ဖြစ်ကြသည်။

လောကနန္ဒာမြစ်ရေတင်

လောကနန္ဒာလျှပ်စစ်မြစ်ရေတင် စီမံကိန်းသည် ဒေသဝန်းကျင်ရှိ စပါးနှင့် ဆီထွက်သီးနှံ စုစုပေါင်းဧက ၁၁၀၀၀ကို စိုက်ပျိုးရေ ပေးဝေလျက်ရှိပြီး ပင်မမြစ်ရေတင်စခန်းတစ်ခုနှင့် ထပ်ဆင့်ရေတင်စခန်း ခြောက်ခုရှိကြောင်း သိရသည်။ ပင်မမြောင်း အရှည်မှာ ပေ ၃၀၅၀၀ရှိပြီး လက်တံမြောင်းအရှည်မှာ ပေ ၁၅၇၀၀၀ရှိကြောင်း သိရသည်။

ကျောက်ကူး လျှပ်စစ်မြစ်ရေတင်

ဧရာဝတီမြစ်လယ်မှ တွေ့မြင်ရသော ကျောက်ကူးလျှပ်စစ်မြစ်ရေတင် စီမံကိန်းမြင်ကွင်း။

တစ်ခု၊ ထပ်ဆင့်ရေတင်စခန်း ခုနစ်ခုရှိကာ ပင်မမြောင်းအရှည်ပေ ၂၅၀၀၀နှင့် လက်တံမြောင်းအရှည် ပေ ၁၁၆၈၀၀ ရှိကြောင်း သိရသည်။

ငါ့သရောက်မြစ်ရေတင်

ငါ့သရောက် လျှပ်စစ်မြစ်ရေတင်သည် စပါး၊ ဝါနှင့် ဆီထွက်သီးနှံဧက ၈၇၀၀ကို ရေပေးဝေလျက်ရှိပြီး ပင်မရေတင်စခန်းတစ်ခု၊ ထပ်ဆင့်ရေတင်စခန်း ၁၇ခုရှိကာ ပင်မမြောင်းအရှည်ပေ ၅၆၄၀၀နှင့် လက်တံမြောင်း အရှည်ပေ ၁၀၃၅၀၀ရှိကြောင်း သိရသည်။

ညောင်ဦး-မြင်းခြံလမ်းဘေးတွင် သူကောင်းတည်ကျေးရွာနှင့် လက်ပန်ခြေပေါ်ကျေးရွာများရှိသဖြင့် မြစ်ရေတင်စီမံကိန်းများ၏ အကျိုးကျေးဇူးများမှတစ်ဆင့် တောင်သူများ နွေစပါး၊ မိုးစပါးနှင့် ရာသီသီးနှံများ တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ကြပြီ ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများမှ ဝင်ငွေ

လ…
လျှပ်…

လက်…
မြစ်ရေ…
မြောင်းနှ…
မြင်ကွင်း…

တိုးကာ တော…
ပိုမိုဖွံ့ဖြိုးလ…
မြစ်ရေ…
ကျေးဇူးများ…
တည်ကျေးရွ…
အားမေးမြန်…
စီမံကိန်းဝေ…
ကျွန်တော်တို…
ဆောင်းသီးန…
စိုက်ပျိုးနိုင်…
တစ်ဧက ၇…
တယ်”ဟု…

အ…

ယခုအ…
ရှိ တောင်…
ကို တိုးချဲ့…
စလုံး ဝင်ငွေ…
ပေပြီ။ ၄င်း…
တွင် စိမ်းစို…
ခင်းများက…
ဆည်တမံနှ…
သည်ကား…
တောင်သူမျ…
တိုးတက်မှုက…
ရှိနေပြီ မဟ…

ငါ့သရောက် လျှပ်စစ်မြစ်ရေတင်

ငါ့သရောက် လျှပ်စစ်မြစ်ရေတင်မှ ရေသွယ်မြောင်းဖြင့် စိုက်ပျိုးသီးနှံများကို ဤသို့ ရေပေးဝေလျက်ရှိသည်။

ပင်မရေသွယ်မြောင်း

ကျောက်ကူးလျှပ်စစ်မြစ်ရေတင်၏ ပင်မရေသွယ်မြောင်း။

မြစ်ရေတင်စီမံကိန်းများ ယခုထက် တည်ဆောက်ထားနိုင်ရေး အလားအလာနှင့်စပ်လျဉ်းပြီး ဦးမောင်မောင်လွင်အား မေးကြည့်သည်။

ညောင်ဦးခရိုင်တွင် လက်ရှိ လျှပ်စစ်မြစ်ရေတင်စီမံကိန်း ငါးခုသာ ရှိသေးပြီး မြစ်ရေတင်ပေးနိုင်မည့် နေရာအခြေအနေပေါ် မူတည်ကာ စီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော်သွားမည်ဟု သိရသည်။

တစ်နှစ်ပတ်လုံး

လျှပ်စစ်မြစ်ရေတင်စီမံကိန်းများ ယခုထက် ပိုမိုအကောင်အထည်ဖော်နိုင်လာသည်နှင့်အမျှ အညာမြေ

ကျောက်ကူးမြစ်ရေတင်

ကျောက်ကူးလျှပ်စစ်မြစ်ရေတင် စီမံကိန်းသည် ဝါနှင့် ဆီထွက်သီးနှံဧက ၂၅၀၀ကို ရေပေးဝေလျက်ရှိပြီး ပင်မရေတင်စခန်း တစ်ခုနှင့် ထပ်ဆင့်ရေတင်စခန်း ခြောက်ခုရှိကြောင်း သိရသည်။ ပင်မမြောင်းအရှည်မှာ ပေ ၂၃၆၀၀ရှိပြီး လက်တံမြောင်းအရှည်မှာ ပေ ၄၉၀၀၀ရှိသည်။

သူကောင်းတည်မြစ်ရေတင်

သူကောင်းတည် လျှပ်စစ်မြစ်ရေတင်သည် စပါး၊ ဝါနှင့် ဆီထွက်သီးနှံဧက ၆၀၀၀ကို ရေပေးဝေလျက်ရှိပြီး ပင်မရေတင်စခန်း

သူကောင်းတည် လျှပ်စစ်မြ…

သူကောင်းတည် လျှပ်စစ်မြစ်ရေတင် ပင်မ…

လက်ပန်ခြေပေါ် လျှပ်စစ်မြစ်ရေတင်

လက်ပန်ခြေပေါ် လျှပ်စစ်မြစ်ရေတင်၏ ပင်မရေသွယ်မြောင်းနှင့် နှမ်းစပါးစိုက်ခင်း မြင်ကွင်း။

တိုးကာ တောင်သူများ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးလာလျက်ရှိသည်။

မြစ်ရေတင်စီမံကိန်း၏ အကျိုးကျေးဇူးများနှင့်စပ်လျဉ်း၍ သူကောင်းတည်ကျေးရွာမှ တောင်သူဦးမြဟန်အားမေးမြန်းကြည့်ရာ "မြစ်ရေတင်စီမံကိန်းတွေရဲ့ ကျေးဇူးကြောင့် ကျွန်တော်တို့ နွေစပါး၊ မိုးစပါးနဲ့ ဆောင်းသီးနှံတွေကို သုံးရာသီစလုံး စိုက်ပျိုးနိုင်ပါပြီ။ နွေစပါးဆိုရင် တစ်ဧက ၇၅တင်းကျော် ထွက်ရှိပါတယ်"ဟု ဖြေကြားသည်။

အထောက်အကူပြု

ယခုအခါ ညောင်ဦးခရိုင်အတွင်းရှိ တောင်သူများ လယ်ယာမြေများကို တိုးချဲ့စိုက်ပျိုးနိုင်ကာ သုံးရာသီစလုံး ဝင်ငွေတိုး အကျိုးများလျက်ရှိနေပေပြီ။ ၎င်းကို နွေလယ် နေအောက်တွင် စိမ်းစိုလန်းဆန်းနေသော စပါးခင်းများက သာဓကပြုလျက်ရှိသည်။ ဆည်တမံနှင့် မြစ်ရေတင်စီမံကိန်းများသည်ကား စပါးနှင့် သီးနှံစိုက်တောင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလျက်ရှိနေပြီ မဟုတ်ပါလား။ ။

(မြန်မာ့အလင်း)

...ကူး လျှပ်စစ်မြစ်ရေတင်

...တွေ့မြင်ရသော ကျောက်ကူးလျှပ်စစ်မြစ်ရေတင်

... ခုနစ်ခု
... ၂၅၀၀၀
... ၁၆၈၀၀
...င်
...ရေတင်
...သီးနှံဧက
...ပြီး ပင်မ
...ရေတင်
...းအရှည်
...မြောင်း
...င်း သိရ

ညောင်ဦး-မြင်းခြံလမ်းဘေးတွင် သူကောင်းတည်ကျေးရွာနှင့် လက်ပန်ခြေပေါ်ကျေးရွာများရှိသဖြင့် မြစ်ရေတင်စီမံကိန်းများ၏ အကျိုးကျေးဇူးများမှတစ်ဆင့် တောင်သူများ နွေစပါး၊ မိုးစပါးနှင့် ရာသီသီးနှံများ တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ကြပြီ ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများမှ ဝင်ငွေ

သူကောင်းတည် လျှပ်စစ်မြစ်ရေတင်

သူကောင်းတည် လျှပ်စစ်မြစ်ရေတင် ပင်မရေတင်စခန်း။

ပဲခူး မဇင်းမှ မြန်မာ့မူပိုင်လက်ရာ စက်မှုလက်မှုထွန်းကားရာနယ်မြေ

သတင်းမှတ်စု - မိုးမြင့်လွင်
ဓာတ်ပုံမှတ်တမ်း - သတင်းထောက်ထွန်းလွင်
စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး (မြန်မာ့အလင်း)

ပဲခူး မေ ၄

မြန်မာနိုင်ငံတွင် မြန်မာလူမျိုးတို့၏ လက်မှုအတတ်ပညာသည် ပုဂံခေတ်မတိုင်မီကပင် ထွန်းကားခဲ့သည်။

မြန်မာ့လက်မှုအတတ်ပညာ

အေဒီ-၁၀၄၄၊ အနော်ရထာမင်းလက်ထက် ပုဂံတွင် ဗုဒ္ဓသာသနာထွန်းကားလာသောအခါ မြန်မာ့လက်မှုအတတ်ပညာသည် အံ့သြဖွယ်ကောင်းလောက်အောင် လက်ရာမြောက်လာသည်ကို တွေ့ရပါသည်။ ရွှေစည်းခုံစေတီ၊ အာနန္ဒာဘုရား၊ ဂူပြောက်ကြီး စသည့် ပုထိုးစေတီများတွင် ရေးခြယ်ထားသည့် နံရံဆေးရေးပန်းချီလက်ရာများ၊ လှပသေသပ်စွာပြုလုပ်ထားသည့် ပန်းကနုတ်ပန်းနွယ်များသည် အနုပညာလက်ရာပြောင်မြောက်၍ ယနေ့တိုင် မြန်မာ့ဂုဏ်ဆောင် ဂန္ထဝင်အမွေအနှစ်များပင်ဖြစ်သည်။

ယနေ့ကာလတွင်လည်း နိုင်ငံတော်မှ အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးဟူသည့် လူမှုရေးဦးတည်ချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

စက်မှု ပွတ်လုပ်ငန်းခွင်တွင် ပြည်တွင်းနှင့် ပြည်ပပို့ ခေါက်ဆွဲစား တူများကို ပွတ်ခုံတင်၍ ဤသို့ အချောကိုင်ရသည်။

လက်မှုလုပ်ငန်း

စာရေးသူသည် မြန်မာ့လက်မှု စက်မှု ထွန်းကားရာ နယ်မြေဟုဆိုလောက်သည့် ပဲခူးမြို့ ရွှေသာလျောင်းရုပ်ပွားတော်မြတ်ကြီးနှင့် မဟာစေတီတော်အနီး မဇင်းရပ်ကွက်ရှိ အိမ်တွင်း တစ်ပိုင်တစ်နိုင် ကိုယ်ပိုင်လုပ်ငန်းဖြစ်သည့် ပန်းပုနှင့် ပန်းပွတ်လုပ်ငန်းများရှိရာသို့ သွားရောက်လေ့လာခဲ့သည်။

ထိုသို့လေ့လာရာတွင် အပိုင်းနှစ်ပိုင်းခွဲ၍ လေ့လာခွင့်ရခဲ့သည်။ ပန်းပုထုလုပ်ခြင်းလုပ်ငန်းသည် လက်မှုလုပ်ငန်းဖြစ်၍ ပန်းပွတ်ခေါ် ပွတ်လုပ်ငန်းသည် စက်မှုလုပ်ငန်း ဖြစ်သည်။

မြန်မာ့လက်မှု ပန်းပုပညာရှင် ကိုမောင်ကြီး လောကနတ်ရုပ် ထုလုပ်နေစဉ်။

ပန်းပုလုပ်ငန်းနှင့် ပတ်သက်၍ အရုပ်မျိုးစုံ ထုဆစ်နေသော ပန်းပုပညာရှင် ကိုမောင်ကြီးအား တွေ့ဆုံမေးမြန်းရာ ပန်းပုထုခြင်း အတတ်ပညာသည် မိမိထုလုပ်သည့်အရုပ်၊ ပန်း စသည်များကို စိတ်ကူးနှင့် မြင်အောင်ကြည့်ပြီး လက်တွေ့နှင့် ပေါင်းစပ်ကာ ပုံဖော်ရသည့် အနုပညာဆန်သော အတတ်ပညာဟု ကိုမောင်ကြီးက ဆိုသည်။

သူသည် ပန်းပုထုခြင်း အတတ်ပညာကို ငယ်စဉ်ကစ၍ တတ်မြောက်ခဲ့သည်။ မိသားစုလုပ်ငန်းတစ်ခုဖြစ်အောင် ကြိုးစားခဲ့သည်။ သူတို့ ထုလုပ်သော အရုပ်မျိုးစုံကို ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့ရာ ပြည်ပဈေးကွက်သို့တိုင် ပို့နိုင်ခဲ့ကြသည်။

ပန်းကနုတ်

ထုရသည့်အရုပ်များက မျိုးစုံသည်။ ဗုဒ္ဓပုံတော်နှင့် အခြားပုံတူများ၊ လောကနတ်ရုပ်များ၊ ဆင်ရုပ်၊ မြင်းရုပ်များနှင့် ပန်းကနုတ်များ ဖြစ်ကြသည်။ တချို့က စားပွဲအလှတင်ရန် အရုပ်များကို မှာကြသည်လည်း ရှိသည်။ လက်ခံအနေဖြင့် လုံးပတ်ရှစ်လက်မခန့်ရှိလျှင် ငွေကျပ် ၈၀၀ ရှိပြီး အကယ်၍ ထုလုပ်ရသည့် အရုပ်သည် လက်ဝင်၍ အနုစိတ်ရမည်၊ လုံးပတ်ထုကြီးမည်၊ အသားကလည်း မာမည်ဆိုလျှင် ဈေးနှုန်းထိုထက်ပိုမြင့်ပါသည်။ ပန်းပုထုဆစ်သည့် သစ်သားများမှာ ပိတောက်၊ ယင်းတိုက်၊ သင်းဝင်၊ ကုက္ကိုတို့ အများဆုံးဖြစ်ကြသည်။ နိုင်ငံခြားသားအနေဖြင့် ပိတောက်သားအရုပ်များကို ပိုကြိုက်ကြသည်ဟု ကိုမောင်ကြီးက ရှင်းပြသည်။

မဇင်း စက်မှုလက်မှုထုတ် ကနုတ်ပန်းခွေနှင့် ငှက်ရုပ်။

စက်မှုလုပ်ငန်း

ထို့နောက်စာရေးသူသည် စက်မှုလုပ်ငန်းဖြစ်သည့် ပန်းပွတ် ခေါ် ပွတ်လုပ်ငန်းသို့ ဝင်ရောက်လေ့လာပါသည်။ ဤအခါတွင်လည်း ပွတ်လုပ်ငန်းခွင်မှ ညီငယ်တစ်ဦးက စိတ်ရှည်စွာရှင်းပြသည်။ ပွတ်လုပ်ငန်းသည် သစ်သားများကို စက်တင်၍ တွင်းဆောက် ပွတ်ဆောက်များဖြင့် ပုံဖော်အချောကိုင်ရသည့် လုပ်ငန်းဖြစ်ပါသည်။ အိမ်အသုံးအဆောင်များဖြစ်သည့် ဇွန်း၊ ယောက်မ၊ ကွမ်းအစ်၊ ဆေးတံ၊ တူ၊ တုတ်ကောက်နှင့် အခြားပစ္စည်းအမျိုးပေါင်း ၂၀ခန့်ကို ထုတ်လုပ်သည်။

ထွက်ရှိလာသည့် ပစ္စည်းများကို ရန်ကုန်မြို့နှင့် အခြားမြို့များရှိ အရောင်းဆိုင်များသို့ ဖြန့်ဖြူးတင်ပို့ရောင်းချကြပါသည်။ များသောအားဖြင့် ပဲခူးမြို့ ရွှေသာလျောင်းရုပ်ပွားတော်မြတ်ကြီး၏ အရှေ့ဘက်စောင်းတန်းရှိ ပန်းပုအရောင်းဆိုင်များတွင် တွင်တွင်ကျယ်ကျယ် ရောင်းချသည်ကို တွေ့ရပါသည်။ စနေ၊ တနင်္ဂနွေရက်များ၌ ပြည်တွင်း၊ ပြည်ပ ဘုရားဖူးသူများဖြင့် စည်ကားနေသော ရွှေသာလျောင်းရုပ်ပွားတော်မြတ်ကြီးတွင် မြန်မာ့လက်ရာ ပန်းပုရုပ်များနှင့် အိမ်အသုံးအဆောင် သစ်သားထည်များကို စိတ်ဝင်တစား ဝယ်ယူနေသည်ကို တွေ့ရသည်။

ဂုဏ်ယူဝမ်းသာ

အိမ်တိုင်းလိုလိုပင် ပန်းပုထုခြင်း၊ ပန်းပွတ်ခြင်းလုပ်ငန်းကို မိသားစုလုပ်ငန်းအဖြစ် လုပ်ကိုင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ထိုလုပ်ငန်းလုပ်ကိုင်သူများသည် မွန်ပြည်နယ် ဘီလူးကျွန်းနှင့် ရွာလွတ်ဒေသများမှ ပြောင်းရွှေ့လာသည့် မွန်တိုင်းရင်းသားများက များပါသည်။ မိသားစုအလိုက် ဝင်ငွေကောင်းသလို လုပ်ငန်းကျွမ်းကျင်သူ အလုပ်သမားတစ်ဦး၏ တစ်နေ့တာ လုပ်အားခဝင်ငွေမှာလည်း ကျပ် သုံးထောင်မှ ကျပ် တစ်သောင်းအထိ ရှိသည်။

ဤကဲ့သို့ မြန်မာမှု တစ်ပိုင်တစ်နိုင် စက်မှု၊ လက်မှုလုပ်ငန်းများ ထွန်းကားလာသည်နှင့်အမျှ မိသားစုဝင်ငွေလည်း အဆင်ပြေချောမွေ့၍ နိုင်ငံတော်ပါ ပြည်ပဝင်ငွေ တိုးသည့်အတွက် မြန်မာ့လက်ရာအစွမ်းကို ကမ္ဘာကပင် ငေးမောရပြီမို့ ဂုဏ်ယူဝမ်းမြောက်စွာ သတင်းမှတ်စု မှတ်တမ်းပြုလိုက်ရပါသည်။ ။

ဝယ်ယူအားပေး

မြန်မာမှုလက်ရာမျိုးစုံကို ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားစွာ ဝယ်ယူအားပေးကြသည်။

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

ကြာသပတေးနေ့
(နံနက်+နေ့လယ်+ည)
၆-၅-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅	တရားတော် **(ရတနသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန် + သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၃၀	လောကနီတိ အသိရှိစေဖို့ **ပညာရှိကိုဆိုရာ** (အပိုင်း-၁)
၈း၃၅	တေးပဒေသာ
၁၀း၀၀	မင်္ဂလာလက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅	ညွှန်းဖွဲ့သီရေး သူ့အလှည့်တေး (စန္ဒရားကွန်းဇော်)
၁၁း၄၅	သိပ္ပံပညာ သိကောင်းစရာ (မိုက်ကယ်ဖာရာဒေး- ဒေါက်တာခင်မောင်ညို)
၁၁း၅၅	တေးသီချင်း
၁၂း၀၀	စံတော်ချိန် ဇာနည်စစ်သည် တေးပန်းချီ
၁၂း၂၀	ယဉ်ကျေးမှုအနုပညာ (အိုးလုပ်ငန်း)
၁၂း၃၀	Music Talk(21) တေးပဒေသာ
၁၃း၀၀	မွန်းလွဲပိုင်းသတင်း
၁၃း၁၀	တေးပဒေသာ
၁၃း၃၀	အစီအစဉ်ပြီး၏။
၁၆း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၃၀	အမှတ်တရတေးလက်ဆောင်
၁၇း၁၀	ဘဝတစ်ကွေ့ အတွေ့အကြုံ (ဘဝခရီးကြမ်း) တေးပဒေသာ
၁၇း၂၅	သတင်းစာဆောင်းပါး
၁၇း၃၀	ရေဒီယိုဇာတ်လမ်းတွဲများ **ပြာလွင်ကမ္ဘာအခရာ** (အပိုင်း-၁)
၁၈း၀၀	ညနေခင်းသတင်း
၁၈း၁၀	ညနေခင်းတေးပဒေသာ
၁၈း၂၅	ကျေးလက်ဇာတ်လမ်း **(ချစ်တဲ့ကမ္ဘာကြီး)**
၁၈း၄၅	ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်း ကဏ္ဍ
၁၉း၀၀	နိုင်ငံတကာသတင်း
၁၉း၀၅	ညချမ်းချိန်ခါ တေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၁၉း၃၀	သုတစုံကြွယ် သိစေဖွယ် **(အပြုစိတ်ထား)**
၁၉း၄၀	ရေဒီယိုအတိတ် တေးအရိပ်
၂၀း၀၀	ပြည်တွင်းသတင်း နိုင်ငံရေးဆောင်းပါး
၂၀း၂၀	ချမ်းမြေ့သာယာ သီရိဂေဟာ (နေဆန်းနဲ့ ဇနီးချောစု)
၂၀း၅၀	တေးသံစုံ (စန္ဒရားစိန်သောင်းနဲ့အဖွဲ့) စီးပွားရေးဦးတည်ချက်
၂၁း၀၀	ဆောင်းပါး **(ကျွန်းသစ်များ၌ အနက်စင်းများဖြစ်ခြင်း)**
၂၁း၀၅	ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါ တေးပဒေသာ
၂၂း၀၀	အစီအစဉ်ပြီး၏။

မုဒုံ၌ အခြေခံအိမ်တွင်းမှုသင်တန်းဆင်း

မုဒုံ မေ ၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန မွန်ပြည်နယ် မုဒုံမြို့ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁၅)၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၁၂)နှင့် အိမ်တွင်းလက်မှုလုပ်ငန်းကြိမ်သင်တန်းအမှတ်စဉ်(၉) သင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၂၆ရက် နံနက် ၁၀နာရီက အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် (၂)က အမှာစကားပြောကြားပြီး သင်တန်းဆင်းအောင်လက်မှတ်များကို အိမ်တွင်းမှုသင်တန်းကျောင်းအုပ် ဒေါ်သန်းသန်းမော်က ပေးအပ်ချီးမြှင့်သည်။

(အောက်ပုံ)

တက်ရောက်

သင်တန်းတွင် အခြေခံအိမ်တွင်းမှုသင်တန်းသူ ၄၄ဦး၊ အဆင့်မြင့်သင်တန်းသူ ခုနစ်ဦး၊ ကြိမ်သင်တန်းသူနှစ်ဦး စုစုပေါင်း ၅၃ဦး တက်ရောက် အောင်မြင်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံတော်၏ အရန်အင်အားအဖြစ် အမြဲတမ်းအသင့်ရှိနေသော မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့

နိုင်ငံတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်ပစ္စည်းများ၊ နိုင်ငံပိုင်ကုန်ထုတ်အရင်းအနှီး အဆောက်အအုံများကို မီးဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်ရန်၊ သဘာဝအလျောက်ဖြစ်ပွားတတ်သည့် ဘေးအန္တရာယ် အမျိုးမျိုးတို့ကို ပြည်သူများ၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ကာကွယ်တားဆီး စောင့်ရှောက်ရန် ရည်ရွယ်ချက်ဖြင့် မီးသတ်ဦးစီးဌာနသည် အဓိကတာဝန်ကြီး(၅)ရပ်ဖြစ်သော မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်တားဆီးရေး၊ မီးငြိမ်းသတ်ရေး၊ လူမှုရေးနှင့် နိုင်ငံတော်အေးချမ်းသာယာရေး၏ အရန်အင်အားအဖြစ် လေ့ကျင့်ဖွဲ့စည်းတည်ဆောက်ရေးတာဝန်များကို အောင်မြင်စွာ ဆောင်ရွက်လျက်ရှိပါသည်။

မီးသတ်ဦးစီးဌာနသည် နိုင်ငံတစ်ဝန်းရှိ မီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းရည်သုံးရပ်ဖြစ်သော မီးသတ်စွမ်းရည်၊ အုပ်ချုပ်မှုစွမ်းရည်နှင့် စည်းရုံးရေးစွမ်းရည်များ ထက်မြက်ရေးလုပ်ငန်း၊ မီးသတ်စက်၊ မီးသတ်ယာဉ်နှင့် မီးသတ်ပစ္စည်း ကိရိယာများ အစဉ်ကြံ့ခိုင်မှုရှိစေရေးအတွက် မွမ်းမံပြင်ဆင်မှုလုပ်ငန်း၊ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးတို့အတွက် ရေလုံလောက်စွာရရှိရေး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ဖွဲ့စည်းခြင်း၊ စိစစ်ခြင်း၊ လေ့ကျင့်ပညာပေးခြင်းလုပ်ငန်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ မီးဘေးကြိုတင်ကာကွယ် တားဆီးရေးလုပ်ငန်း၊ စက်ရုံ၊ အလုပ်ရုံများ မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် စစ်ဆေးအကြံပြုခြင်းလုပ်ငန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား နိုင်ငံတော်အေးချမ်းသာယာရေး အရန်အင်အားအဖြစ် လေ့ကျင့်ဖွဲ့စည်း တည်ဆောက်ရေးလုပ်ငန်းများကို မီးသတ်လုပ်ငန်းစဉ်(၇)ရပ်အဖြစ် လုပ်ငန်းစဉ် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

မီးသတ်ဦးစီးဌာနကို အရာထမ်း ၁၂၈ ဦး၊ အမှုထမ်း ၄၆၅၀ စုစုပေါင်း ၄၇၇၈ ဦးဖြင့် ဖွဲ့စည်းထားပြီး မီးဘေးကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ မီးသတ်လုပ်ငန်းများကို နိုင်ငံတစ်ဝန်းတွင် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များကို ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ ပြည်နယ်နှင့်တိုင်း ၁၄ ခု၌ ၂၀၀၉ ခုနှစ် ဒီဇင်ဘာလအထိ အရန်မီးသတ်တပ်စု ၆၆၁၁ စု၊ အရန်မီးသတ်တပ်ဖွဲ့ဝင် စုစုပေါင်း ၂၄၉၃၂၄ဦး ရှိပါသည်။

ပြည်နယ်နှင့်တိုင်း ၁၄ ခုတွင် (က)အဆင့် ကိုးရုံး၊ (ခ)အဆင့် တစ်ရုံး၊ (ဂ)အဆင့် လေးရုံးသတ်မှတ်ပြီး မီးသတ်ဦးစီးဌာန(နေပြည်တော်) အထက်မြန်မာပြည် ကွပ်ကဲမှုရုံးနှင့် အောက်မြန်မာပြည် ကွပ်ကဲမှုရုံးတို့ ထားရှိဆောင်ရွက်ပါသည်။

နိုင်ငံတွင် တိုးချဲ့ဖွဲ့စည်း တည်ဆောက်ပြီးသည့် မြို့သစ်များအပါအဝင် ၃၂၄ မြို့နယ်ရှိသည့်အနက် ၅၅ မြို့နယ်၌ မြို့နယ်ရုံးများ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး မြို့နယ်မှူးတစ်ဦးလျှင် ပျမ်းမျှ ရှစ်မြို့နယ်မျှ နီးစပ်ရာကို လွှမ်းခြုံ တာဝန်ယူ ဆောင်ရွက်နေပါသည်။

သန္ဓေမီးသတ်စခန်းပေါင်း ၂၉၇ခုရှိသည့်အနက် (က)အဆင့် မီးသတ်စခန်း ၅၉ခု၊ (ခ)အဆင့် မီးသတ်စခန်း ၁၈၄ခု၊ (ဂ)အဆင့် မီးသတ်စခန်း ၅၄ခုဖြင့် ဆောင်ရွက်နေပြီး (က)အဆင့် မီးသတ်စခန်းတစ်ခုတွင် ဝန်ထမ်းအင်အား ၂၁ ဦး၊ (ခ)အဆင့် မီးသတ်စခန်းတစ်ခုတွင် ၁၀ ဦး၊ (ဂ)အဆင့် မီးသတ်စခန်းတစ်ခုတွင် ရှစ်ဦးဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ သန္ဓေစခန်း မဖွင့်လှစ်နိုင်သော မြို့နယ်၊ ရပ်ကွက်များ၌ အရန်မီးသတ်စခန်းပေါင်း ၃၂၈စခန်းကို ဖွင့်လှစ်ထားရာ မီးသတ်စခန်း စုစုပေါင်း ၆၂၅ စခန်း ရှိပါသည်။

မီးသတ်သင်တန်းကျောင်းကို ရန်ကုန်မြို့တွင် ၁၉၆၃ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး အခြေခံမီးသတ်ပညာသင်တန်း၊ အဆင့်မြင့်မီးသတ်ပညာနှင့် မွမ်းမံသင်တန်းများ၊ ယာဉ်မောင်းသင်တန်း၊ စက်ပြင်သင်တန်း၊ ဆက်သွယ်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လမ်းညွှန်ချက်အရ မြန်မာနိုင်ငံတစ်ဝန်းရှိ သန္ဓေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များအား နိုင်ငံတော်၏ အရန်အင်အားအဖြစ် လေ့ကျင့်ဖွဲ့စည်း တည်ဆောက်ရန်နှင့် အဆင့်မြင့် မီးသတ်ပညာသင်တန်းများ သင်ကြားပို့ချပေးသွားရန် ဗဟိုမီးသတ် သင်တန်းကျောင်းကို ၁၆-၅-၁၉၉၉ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။

အဆိုပါ ဗဟိုမီးသတ်သင်တန်းကျောင်းတွင် အခြေခံစစ်ပညာနှင့် မီးသတ်ပညာသင်တန်း၊ တန်းမြင့်အဆင့်မြင့် မီးသတ်ပညာသင်တန်း၊ အဆင့်မြင့်မီးသတ်အရာရှိသင်တန်း၊ မီးသတ်တပ်စုမှူးလောင်းသင်တန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသင်တန်း၊ အခြေခံကွန်ပျူတာသင်တန်း၊ အခြေခံဆေးတပ်စုသင်တန်း၊ အသက်ကယ်နည်းစနစ်သင်တန်း၊ အင်္ဂလိပ်စာနှင့် ခေတ်မီ မီးသတ်ပညာသင်တန်းများကို ဖွင့်လှစ်ပို့ချလျက်ရှိပါသည်။ သန္ဓေတပ်ဖွဲ့ဝင်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် စုစုပေါင်း သင်တန်းသား ၁၃၆၇၄ ဦးတို့အား သင်ကြားပို့ချပေးခဲ့ပြီး ဖြစ်ပါသည်။

လေ့ကျင့်ရေးဌာနစု(ရန်ကုန်)ကို ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်)တွင် ဖွင့်လှစ်ထားပြီး အရန်မီးသတ်တပ်ဖွဲ့ဝင်များ မွမ်းမံသင်တန်း၊ အသက်ကယ်နည်းစနစ်သင်တန်း၊ ယာဉ်မောင်းသင်တန်း၊ စက်ပြင်သင်တန်း၊ ရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်း၊ ရုံးလုပ်ငန်း အခြေခံသင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိပါသည်။ ထို့ပြင် မီးသတ်ဦးစီးဌာန၏ စီစဉ်မှုဖြင့် အထပ်မြင့်တိုက်များ မီးငြိမ်းသတ်ရေးနှင့် အသက်ကယ် ကျွမ်းကျင်မှုနည်းစနစ်သင်တန်း၊ လေယာဉ်မီးငြိမ်းသတ်ရေးနှင့် အသက်ကယ် ကျွမ်းကျင်မှုသင်တန်းများကို မီးသတ်တပ်ဖွဲ့ဝင် ၁၂၇၅ဦး၊ အသက်ကယ် ကျွမ်းကျင်မှုသင်တန်းကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း စသည်တို့မှ အမျိုးသမီးတပ်ဖွဲ့ဝင် ၂၉၈ဦးတို့ကို လေ့ကျင့်သင်ကြားပေးခဲ့ပြီး ဖြစ်ပါသည်။

ဌာနတွင်းဖွင့်လှစ်သော သင်တန်းများအပြင် ပြင်ပဌာနများဖြစ်သည့် တပ်မတော်(ကြည်း)တိုက်ခိုက်ရေးကျောင်း ခြေလျင်တပ်စုမှူးသင်တန်းသို့ ၈၂ဦး၊ ခြေလျင်တပ်ခွဲမှူးသင်တန်းသို့ ၇၅ဦး၊ ခြေလျင်တပ်ရင်းမှူးသင်တန်းသို့ ၂၄ဦး၊ အကြပ်ကြီးသင်တန်းသို့ ၅၁ ဦး၊ အကြပ်ငယ်သင်တန်းသို့ ၈၆ ဦး၊ အကြပ်လောင်း သင်တန်းသို့ ၁၀၅ ဦး၊ အကြပ်ကြီး(စာရေးသင်တန်း)သို့ လေးဦး၊ တတိယအဆင့် သူနာပြုသင်တန်းသို့ ၅၉ဦး၊ ဒုတိယအဆင့် သူနာပြုသင်တန်းသို့ သုံးဦးနှင့် စစ်ခရာသင်တန်းသို့ ၄၀တို့အား စေလွှတ်တက်ရောက်စေခဲ့ပါသည်။

ရဲဗလကိုကိုလှိုင်

ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး/အထက်မြန်မာပြည်)တွင် ဖွင့်လှစ်သော သင်တန်းများ၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ ဖွင့်လှစ်သော သင်တန်းများ၊ စာရင်းစစ်ရုံးမှဖွင့်လှစ်သော သင်တန်းများသို့ သင်တန်းသားများ စေလွှတ်၍ လေ့ကျင့်သင်ကြားပေးစေခဲ့ပါသည်။

နိုင်ငံတော်က မြို့နယ်အသစ်များ တိုးချဲ့ဖွဲ့စည်းတည်ဆောက်ခဲ့ရာ မီးသတ်စခန်းများကိုလည်း ဒေသအလိုက် လိုအပ်ချက်များအရ တိုးချဲ့ဖွင့်လှစ်ခဲ့ပါသည်။

သန္ဓေမီးသတ်စခန်း မဖွင့်လှစ်နိုင်သော မြို့ရွာ၊ ရပ်ကွက်များတွင် ဒေသအရန်မီးသတ်စခန်းများကို တိုးချဲ့ဖွင့်လှစ်ထားရာ လက်ရှိအချိန်တွင် သန္ဓေ မီးသတ်စခန်း ၂၉၇ စခန်းနှင့် အရန်မီးသတ်စခန်း ၃၂၈ စခန်း စုစုပေါင်း ၆၂၅ စခန်း ဖွင့်လှစ်ထားပါသည်။ နေပြည်တော်တွင် မြို့အင်္ဂါရပ်နှင့်အညီ မီးသတ်ဦးစီးဌာန (နေပြည်တော်) အပါအဝင် မီးသတ်စခန်းများကိုလည်း ဖွင့်လှစ်ထားရှိပါသည်။

မီးသတ်ဦးစီးဌာနတွင် ၁၉၈၈ခုနှစ်က မီးသတ်ယာဉ် အစီး ၃၀၀၊ ရေသယ်ယာဉ် ၂၀၃ စီး၊ အထောက်အကူပြုယာဉ် ၁၂၀၊ အပေါ့စားစက်နှင့် နောက်တွဲမီးသတ်စက် ၅၂၉ စီး၊ အုပ်ချုပ်မှုယာဉ် ၅၈ စီး စုစုပေါင်း ယာဉ်/ စက်အင်အား ၁၂၁၀ စီးရှိခဲ့ရာ ယခု ၂၀၁၀ခုနှစ် မေလအထိ မီးငြိမ်းသတ်ယာဉ် ၇၃၄ စီး၊ ရေသယ်ယာဉ် ၂၆၃ စီး၊ အထပ်မြင့်မီးငြိမ်းသတ်ယာဉ် ၁၈ စီး၊ အထောက်အကူပြုယာဉ် ၁၈၀၊ အပေါ့စားစက်နှင့် နောက်တွဲမီးသတ်စက် ၅၉၂ စီး၊ အုပ်ချုပ်မှုယာဉ် ၁၃၄ စီး စုစုပေါင်း ၁၉၂၁ စီးရှိလာသဖြင့် မီးသတ်ယာဉ်/စက်အင်အားများစွာ တိုးတက်လာခဲ့သည်။ တိုးတက်လာသော မီးသတ်ယာဉ်/စက်များစာရင်းတွင် နိုင်ငံတော်မှ ဝယ်ယူဖြည့်တင်းပေးသော မီးသတ်ယာဉ် ၁၄၆ စီး၊ မီးသတ်ဦးစီးဌာန အလုပ်ရုံမှ ဟီးနိုးတီအီး မော်တော်ယာဉ်များကို မီးသတ်ယာဉ်အဖြစ် ပြုပြင်တည်ဆောက်ခဲ့သော ယာဉ် ၂၅၉ စီး၊ ပြည်တွင်း/ပြည်ပ အလှူရှင်များမှ ပေးပို့လှူဒါန်းခဲ့သော မီးသတ်ယာဉ် ၂၀၂ စီးနှင့် လက်တွန်းထွန်စက်မှ ခြောက်မျိုးသုံး မီးသတ်ယာဉ် ၃၅ စီး စုစုပေါင်း ၆၄၂ စီးတို့ ပါဝင်ပါသည်။ ထို့ပြင် ကျေးလက်ဒေသများတွင် မီးငြိမ်းသတ်ရေးအတွက် ဆလင်ဒါနှစ်လုံးတပ် အင်ဂျင်ဖြင့် ထော်လာဂျီ မီးသတ်ယာဉ် တီထွင်ထုတ်လုပ်လျက်ရှိပါသည်။

၂၀၀၈ခုနှစ် မေလ ၂ရက်နှင့် ၃ရက်နေ့က နာဂစ်လေမုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပွားခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင် (အသက်ကယ်တပ်ဖွဲ့ဝင်) များသည် အသက်ကယ်ဆယ်ရေးလုပ်ငန်းများတွင် နိုင်ငံခြား အဖွဲ့အစည်းများဖြစ်သော အိန္ဒိယ၊ တရုတ်၊ လာအို၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ စင်ကာပူ၊ ပြင်သစ်၊ ဖိလစ်ပိုင်၊ ဂျပန်၊ အင်ဒိုနီးရှား၊ ကိုရီးယား၊ ဗီယက်နမ်၊ ဟန်ဂေရီ၊ သီရိလင်္ကာ၊ မလေးရှားနိုင်ငံတို့မှ Civilian Medical Team အဖွဲ့များနှင့် တွဲဖက်၍ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းသင့်ခံရသော ပြည်နယ်၊ တိုင်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများသို့ သွားရောက်ပြီး လေဘေးသင့်ပြည်သူ ၄၄၈၃၄ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဖြစ်သည့် ကာကွယ်ရေး၊ ကုသရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

ထို့ပြင် နာဂစ်မုန်တိုင်းသင့်ပြည်သူများအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံများမှ ပေးပို့ထောက်ပံ့လှူဒါန်းသော အစားအစာ၊ ဆေးဝါးပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများကို လေကြောင်းလိုင်းများဖြင့် ပေးပို့ခဲ့ရာ ဝန်ကြီးဌာန အစီအစဉ်ဖြင့် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ခေါင်းဆောင်သောအဖွဲ့မှ လက်ခံရယူပြီး ကယ်ဆယ်ရေးပစ္စည်းများကို ဖြန့်ဖြူးပေးပို့နိုင်ခဲ့ပါသည်။

မုန်တိုင်းဒဏ်ကြောင့် သစ်ပင်များပြိုလဲပြီး လမ်းများပိတ်ဆို့နေခြင်းကို မီးသတ်တပ်ဖွဲ့ဝင်များသည် ခုတ်ထွင်ရှင်းလင်းဖယ်ရှားခြင်း၊ လျှပ်စစ်မီးများ ပြတ်တောက်မှုကြောင့် သောက်သုံးရေအခက်အခဲရှိသော ပြည်သူများအား မီးသတ်စက်ယာဉ်ဖြင့် သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် ရေဖြန့်ဝေခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် နာဂစ်မုန်တိုင်းအပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် နိုင်ငံတော်အစိုးရ၊ အာဆီယံနှင့် ကုလသမဂ္ဂတို့ ပါဝင်ဖွဲ့စည်းထားသည့် သုံးပွင့်ဆိုင် ဗဟိုအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျေးရွာအုပ်စု၊ လေ့လာဆန်းစစ်မှုအဖွဲ့နှင့် ပျက်စီးဆုံးရှုံးမှုများ၊ လေ့လာဆန်းစစ်မှုအဖွဲ့တို့ ကွင်းဆင်းလေ့လာမှုများကို ၁၁-၆-၂၀၀၈ရက်မှ ၂၁-၆-၂၀၀၈ရက်အထိ ၁၀ရက်ကြာ ဆောင်ရွက်ခဲ့ရာ မီးသတ်တပ်ဖွဲ့ဝင် အရာရှိ ၁၃ဦးတို့ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံတစ်ဝန်းလုံးရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား နိုင်ငံတော်အေးချမ်းသာယာရေး၏ အရန်အင်အားအဖြစ် လေ့ကျင့်ဖွဲ့စည်းတည်ဆောက်ရေး အစီအစဉ်အရ အသက်အရွယ်အပိုင်းအခြားအလိုက် လေ့ကျင့်သင်ကြားပေးရေးအတွက် ၂၀၀၉ခုနှစ် ဩဂုတ်လမှစတင်ပြီး ၂၀၁၀ခုနှစ် မတ်လအထိ သင်တန်း (၁၀၀၄) ကြိမ် ဖွင့်လှစ်ပြီး သင်တန်းသားပေါင်း ၉၄၀၅၃ ဦးအား လေ့ကျင့်ပေးခဲ့ပါသည်။

၁၉၈၈ ခုနှစ်တွင် တစ်နိုင်ငံလုံး၌ အရန်မီးသတ်တပ်ဖွဲ့မှာ တပ်စုပေါင်း ၂၅၇၅စု၊ အင်အား ၇၃၇၉၃ ဦး ရှိခဲ့ရာမှ ၂၀၁၀ခုနှစ် မေလတွင် အရန်မီးသတ် တပ်စုပေါင်း ၆၆၁၁ စု၊ တပ်ဖွဲ့ဝင်အင်အား ၂၄၉၃၂၄ ဦး တိုးချဲ့ဖွဲ့စည်းလာသဖြင့် တပ်စုပေါင်း ၄၀၆၃ စုနှင့် တပ်ဖွဲ့ဝင်အင်အား ၁၇၅၅၃၁ ဦးတို့ တိုးတက်လာပါသည်။

ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာများတွင် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ၁၉၈၈ ခုနှစ်တွင် အဆင့်ဆင့်သော မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့ပေါင်း ၃၉၅၀ရှိခဲ့ရာမှ ၂၀၀၉ခုနှစ် ဒီဇင်ဘာလအထိ အဖွဲ့ပေါင်း ၆၄၂၅ ဖွဲ့အထိ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့သဖြင့် ၂၄၇၅ ဖွဲ့ တိုးတက်လာခဲ့ပါသည်။

မီးသတ်တပ်ဖွဲ့ဝင်များသည် စွန့်စွန့်စားစား မီးငြိမ်းသတ်ခြင်း၊ အသက်ကယ်တင်ခြင်းလုပ်ငန်းများ၊ လူမှုရေးလုပ်ငန်းများနှင့် နိုင်ငံခြားငွေကုန်ကျမှု သက်သာစေမည့် မီးသတ်ပစ္စည်းကိရိယာများ တီထွင်ထုတ်လုပ်ခြင်းလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် ၁၉၈၉ခုနှစ်မှ ၂၀၀၉ခုနှစ်အထိ ကာလအတွင်း အောက်ပါဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များရရှိသူ ၂၀၆ဦး ချီးမြှင့် အပ်နှင်းခြင်းခံရပါသည်-

(က)	စီမံထူးချွန်တံဆိပ်	၁၆ ဦး
(ခ)	စက်မှုစီးပွားထူးချွန်တံဆိပ်	၉ ဦး
(ဂ)	လူမှုထူးချွန်တံဆိပ်	၃၄ ဦး
(ဃ)	ရဲသူရတံဆိပ်	၁၀ ဦး
(င)	ရဲဗလတံဆိပ်	၃၀ ဦး
(စ)	ရဲသူရိန်တံဆိပ်	၃၉ ဦး
(ဆ)	ရဲကျော်စွာတံဆိပ်	၃၁ ဦး
(ဇ)	ရဲကျော်သူတံဆိပ်	၃၇ ဦး
	စုစုပေါင်း	**၂၀၆ ဦး**

မီးသတ်ဦးစီးဌာနတွင် မီးသတ်တပ်ဖွဲ့ဝင်အရာရှိများအား ပြည်ပနိုင်ငံများသို့ အစည်းအဝေး၊ အလုပ်ရုံဆွေးနွေးပွဲ၊ လေ့လာရေးခရီးနှင့် သင်တန်းများကို စေလွှတ်ခဲ့ရာ ၁၉၈၉ခုနှစ်မှ ၂၀၁၀ခုနှစ်အတွင်း မီးငြိမ်းသတ်ရေး သင်တန်းများ၊ အသက်ကယ်ဆယ်ရေးနှင့် ရှေးဦးသူနာပြုစုရေးနည်းစနစ် သင်တန်းများ၊ မြို့ပြ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးသင်တန်းများ၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်များ စီမံခန့်ခွဲမှုသင်တန်းများနှင့် အဆင့်မြင့် ကွန်ပျူတာနည်းစနစ်သင်တန်းများသို့ တက်ရောက်ရန် ဂျပန်နိုင်ငံသို့ ၁၉ ဦး၊ ပိုလန်နိုင်ငံသို့ ခြောက်ဦး၊ တောင်ကိုရီးယားနိုင်ငံသို့ ၁၂ဦး၊ မလေးရှားနိုင်ငံသို့၂၀၊ စင်ကာပူနိုင်ငံသို့ ၄၅ ဦး၊ အိန္ဒိယနိုင်ငံသို့ ငါးဦး၊ ဖိလစ်ပိုင်နိုင်ငံသို့ တစ်ဦး စုစုပေါင်း ၁၀၈ ဦး၊ အပြည်ပြည်ဆိုင်ရာ ဆွေးနွေးပွဲများ တက်ရောက်ရန် ဒိန်းမတ်နိုင်ငံသို့ တစ်ဦး၊ ဩစတြေးလျနိုင်ငံသို့ နှစ်ဦး၊ ဂျပန်နိုင်ငံသို့ ၁၂ဦး၊ လာအိုနိုင်ငံသို့ နှစ်ဦး၊ စင်ကာပူနိုင်ငံသို့ ခြောက်ဦး၊ အစ္စရေးနိုင်ငံသို့ တစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံသို့ တစ်ဦး၊ တောင်ကိုရီးယားနိုင်ငံသို့ တစ်ဦး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟောင်ကောင်သို့ နှစ်ဦး၊ မလေးရှားနိုင်ငံသို့ တစ်ဦးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နှစ်ဦး စုစုပေါင်း ၂၉ ဦး လေ့လာရေးခရီးစဉ်နှင့် ဆွေးနွေးပွဲများအဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ၁၉ ဦး၊ ထိုင်းနိုင်ငံသို့ လေးဦး၊ မလေးရှားနိုင်ငံသို့ ငါးဦး၊ တောင်ကိုရီးယားနိုင်ငံသို့ လေးဦး၊ ဂျပန်နိုင်ငံသို့ နှစ်ဦး၊ စင်ကာပူနိုင်ငံသို့ နှစ်ဦး၊ အိန္ဒိယနိုင်ငံသို့တစ်ဦး အင်ဒိုနီးရှားနိုင်ငံသို့ တစ်ဦး ပေါင်း၃၈ ဦး စုစုပေါင်း ၁၄၇ ဦး သွားရောက်ခဲ့ပါသည်။

၁၉၆၃ခုနှစ် မီးသတ်တပ်ဖွဲ့ဥပဒေမှာ ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲရန် လိုအပ်ခြင်း၊ စကားရပ်များ ပြောင်းလဲခြင်းနှင့် အစားထိုးရန် လိုအပ်ခြင်းတို့ကြောင့် မီးသတ်တပ်ဖွဲ့ဥပဒေအသစ်ကိုရေးဆွဲ၍ အဆင့်ဆင့်တင်ပြဆောင်ရွက်ခဲ့ရာ ၁၉၉၇ခုနှစ် မီးသတ်တပ်ဖွဲ့ဥပဒေကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်(၁/၉၇)ဖြင့် ၁၀-၁-၁၉၉၇ရက်နေ့က အတည်ပြုထုတ်ပြန် ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်ပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့မှ ၆-၁၁-၁၉၉၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၆/၉၆)ဖြင့် ဗဟိုအဆင့်တွင် ဝန်ကြီးဌာနများမှ အဖွဲ့ဝင် ၂၅ ဦး ပါဝင်သော ဗဟိုမီးဘေးကြိုတင်ကာကွယ် တားဆီးရေးအဖွဲ့အား ဖွဲ့စည်းတာဝန် ပေးအပ်ထားပါသည်။ အလားတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် မီးသတ်တပ်ဖွဲ့ ဥပဒေပုဒ်မ(၄၃)၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ၁၁-၁-၂၀၀၆ ရက်နေ့တွင် မီးသတ်တပ်ဖွဲ့နည်းဥပဒေကို ထုတ်ပြန်ခဲ့ပါသည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ အဆင့်မြင့်အိမ်ရာများ၊ အထပ်မြင့်အဆောက်အအုံများ၊ ဟိုတယ်များ ပေါ်ပေါက်လာသဖြင့် အထပ်မြင့်အဆောက်အအုံကြီးများ မီးဘေးလုံခြုံရေးနှင့် အန္တရာယ်ကင်းဝေးစေရေးအတွက် မီးသတ်ဦးစီးဌာနမှ စစ်ဆေးအကြံပြုခြင်းလုပ်ငန်းကို ၁-၄-၁၉၉၄မှ စတင်၍ ၁၄-၄-၁၉၉၇ရက်နေ့အထိ ဆောင်ရွက်ခဲ့ရာ သုံးထပ်နှင့်အထက် အထပ်မြင့်အဆောက်အအုံပေါင်း ၁၁၈၀ ကို စစ်ဆေးအကြံပြုခဲ့ပြီး ၁၉၉၇ခုနှစ် နိုဝင်ဘာလမှ ၂၀၀၇ ခုနှစ် နိုဝင်ဘာလအထိ သုံးထပ်နှင့်အထက် အထပ်မြင့် အဆောက်အအုံပေါင်း ၅၃၄၄ လုံးကို စစ်ဆေးအကြံပြုခဲ့ပြီး ဖြစ်သည်။

၁၀-၁-၁၉၉၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော မီးသတ်တပ်ဖွဲ့ဥပဒေနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ၆-၅-၁၉၉၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၉၈)ရက်နေ့မှစတင်၍ အထပ်မြင့်တိုက်များ၏ မီးဘေးလုံခြုံရေးစစ်ဆေးအကြံပြုချက်များ သတ်မှတ်ကောက်ခံပြီး နိုင်ငံတော်ရငွေစာရင်းသို့ ဘဏ်ချလန်ဖြင့် ပေးသွင်းဆောင်ရွက်ခဲ့ရာ ၁-၁၂-၂၀၀၉ ရက်နေ့အထိ ပြည်တွင်းပိုင် အထပ်မြင့်အဆောက်အအုံပေါင်း ၅၄၈၈လုံးကို စစ်ဆေးအကြံပြုခဲ့သဖြင့် နိုင်ငံတော်အတွက် ကျပ်သန်း ၂၉ ဒသမ ၅၉၉ ကို ရရှိစေခဲ့ပါသည်။

အဆိုပါကာလအတွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုပါဝင်သော အထပ်မြင့်အဆောက်အအုံများ ၁၁လုံးကို စစ်ဆေးအကြံပြုခဲ့ရာ နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၈၆၉၁၇ ဒသမ ၄၁ ကို နိုင်ငံတော်ရငွေအဖြစ် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

မီးလောင်မှုများ လျော့ပါးလာပြီး မီးလောင်မှုဖြစ်ပွားပါက ကြီးထွားမှု မရှိမီ အချိန်မီထိရောက်စွာ ငြိမ်းသတ်နိုင်သည့် စမ်းသီတာအမည်ရှိ ပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူးများ ထုတ်လုပ်လျက်ရှိပါသည်။

နိုင်ငံခြားငွေကုန်ကျမှု သက်သာစေရန်အတွက် မီးသတ်ပန့်များ စမ်းသပ်ထုတ်လုပ်ခြင်း၊ မီးသတ်ယာဉ်များပြုပြင် တည်ဆောက်ခြင်း၊ အသက်ကယ်လုပ်ငန်းသုံးကိရိယာမျိုးစုံ၊ ရေပက်ပိုက်ခေါင်းများ၊ ပိုက်ဆက်များ၊ မီးကာဝတ်စုံ၊ မီးသတ်ရဲဒင်းများကိုလည်း ထုတ်လုပ်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့သည် စွမ်းရည်ထက်မြက်စေရန် လေ့ကျင့်ခြင်း၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် အင်တိုက်အားတိုက်ပါဝင်ခြင်း၊ ပစ္စည်းများ တီထွင်ထုတ်လုပ်ခြင်း စသည်ဖြင့် အရည်အချင်း၊ အရည်အသွေး တိုးတက်မြင့်မားအောင် ဆောင်ရွက်လျက် နိုင်ငံတော်၏ အရန်အင်အားအဖြစ် အမြဲတမ်း အသင့်ရှိနေပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ချယ်လ်ဆီးကို နောက်ဆုံးပွဲအထိ ဖိအားပေးမည့် မန်ယူ

ရေးသူ-အာကာကျော် — စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း (မြန်မာ့အလင်း)

လန်ဒန် မေ ၄

ပရီမီယာလိဂ် နောက်ဆုံးပွဲစဉ်၊ ပွဲစဉ်(၃၈)ကို လာမည့် မေ ၉ရက် (တနင်္ဂနွေနေ့)တွင် အချိန်တစ်ပြေးညီကျင်းပတော့မည်ဖြစ်ရာ ပရိသတ်များ စိတ်ဝင်စားမှု အကောင်းဆုံးပြိုင်ပွဲဖြစ်လာမည်ဖြစ် သည်။

ချန်ပီယံ မန်ယူနှင့် ချယ်လ်ဆီးတို့၏ အားပြိုင်မှုမှာလည်း ဆက်လက်အားကောင်းနေဆဲဖြစ်သည်။ ပွဲစဉ်(၃၇)အပြီး ချယ်လ်ဆီးက ၈၃မှတ်၊ မန်ယူက ၈၂မှတ်ရရှိထား၍ တစ်မှတ်သာကွာသည်။ ပွဲစဉ် (၃၈)တွင် ချယ်လ်ဆီးက အိမ်ကွင်း၌ ဝီဂန်နှင့် ကစားရမည်ဖြစ်သလို မန်ယူကလည်း စတုတ်စီးတီးနှင့် အိမ်ကွင်း၌ ကစားရမည်ဖြစ်သည်။

ပြိုင်ဘက်

ပရီမီယာလိဂ်ဖလားကို မည်သည့်အသင်းဆွတ်ခူးနိုင်မည်လောဆိုသော မေးခွန်းမှာ ယခုတိုင်အဖြေထုတ်ရန် ခက်ခဲနေဆဲဖြစ်သည်။ ဤသည်မှာ မန်ယူပရိသတ်တွေရော ချယ်လ်ဆီးပရိသတ်တွေပါ ရင်ခုန်နေကြရဆဲဖြစ်သည်။ မန်ယူနှင့် ချယ်လ်ဆီးတို့၏ ပြိုင်ဘက်များဖြစ်သည့် စတုတ်စီးတီးနှင့် ဝီဂန်တို့၏တုံ့ပြန်လာမှုအပေါ်မှာ အဓိကကျနေသည်။

မန်ယူနည်းပြကြီးဖာဂူဆန်က ချယ်လ်ဆီးနှင့် ကစားမည့် ဝီဂန်၏တုံ့ပြန်မှုကို မျှော်လင့်ထားသည်။ ဝီဂန်အသင်းသည် သာမန်အသင်းမဟုတ်ကြောင်း၊ အသင်းကြီးများကိုပင် အနိုင်ယူကစားနိုင်သည့် ခြေစွမ်းရှိသော အသင်းဖြစ်ကြောင်း မန်ယူနည်းပြဖာဂူဆန်က ပြောကြားသည်။

သွင်းယူပေး

ဝီဂန်အသင်းအနေဖြင့် ပြိုင်ဘက်ချယ်လ်ဆီးကို အနည်းဆုံး သရေကစားနိုင်လိမ့်မည်ဟု မန်ယူနည်းပြဖာဂူဆန်က မျှော်လင့်ထားသည်။ သို့သော် ချယ်လ်ဆီးတို့ ဖလားဆွတ်ခူးရန် အခွင့်အလမ်းအသာဆုံး အနေအထားတွင်ရှိနေသည်။ အကယ်၍ ချယ်လ်ဆီးတို့အနေဖြင့် ဝီဂန်ကိုအနိုင်ကစားသွားနိုင်ခဲ့လျှင် ၂၀၀၆ခုနှစ် နောက်ပိုင်း ချယ်လ်ဆီးတို့ ပထမဆုံး ပရီမီယာလိဂ်ဖလား ကိုင်မြှောက်ခွင့်ရမည်ဖြစ်သည်။ ချယ်လ်ဆီးနည်းပြ အန်ဆယ်လော့တီကလည်း ချယ်လ်ဆီးတို့ ပရီမီယာလိဂ်ဖလားကို သေချာပေါက် ဆွတ်ခူးနိုင်လိမ့်မည်ဟု မျှော်လင့်ထားသည်။ ချယ်လ်ဆီးကွင်းလယ် ကစားသမား လမ်းပတ်ကလည်း အိမ်ကွင်း၌ ပရီမီယာလိဂ်သရဖူဆောင်းမည်ဟု ကြွေးကြော်နေသည်။ ပြီးခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်(၃၇)တွင် ချယ်လ်ဆီးအသင်းက လီဗာပူးကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရခဲ့ရာ၌ လမ်းပတ်က တစ်ဂိုး သွင်းယူပေးခဲ့သည်။

ပြင်ဆင်

ပွဲစဉ် (၃၈)တွင်လည်း ချယ်လ်ဆီးအသင်း၌ လမ်းပတ်၊ ဒရော့ဘာ၊ တယ်ရီစသောနာမည်ကြီးကစားသမားများ ပါဝင်ကစားနိုင်မည်ဖြစ်၍ ချယ်လ်ဆီးတို့ ဝီဂန်ကို အနိုင်ယူပြီး အောင်ပွဲခံရန်ပြင်ဆင်လျက်ရှိသည်။

ထိုနည်းတူစွာပင် မန်ယူအသင်းတွင်လည်း ရွန်နီ၊ ဘာဘာတော့ဗ်၊ နာနီ၊ ဂစ်ဘ်ဆင်၊ ပတ်ဂျီဆန်စသော အမာခံကစားသမားများနှင့် ပွဲထွက်လာမည်ဖြစ်သည်။ ချယ်လ်ဆီးက ဝီဂန်ကို အနိုင်ကစားမည်ဖြစ်သကဲ့သို့ မန်ယူကလည်း စတုတ်စီးတီးကို အနိုင်ယူမှာသေချာနေသည်။

ကာကွယ်

ဝီဂန်အနေဖြင့် ချယ်လ်ဆီးကို ဂိုးမပေးဘဲ ပိတ်ဆို့ကစားနိုင်ခဲ့လျှင် မန်ယူဖလားဆွတ်ခူးနိုင်လိမ့်မည်ဖြစ်သည်။ နှစ်ပွဲစလုံး သရေကျခဲ့လျှင်လည်း ချယ်လ်ဆီးတို့ ဖလားပိုက်ခွင့်ရမည်ဖြစ်သည်။ ချယ်လ်ဆီးသရေကျပြီး မန်ယူနိုင်ခဲ့လျှင် မန်ယူတို့ ဖလားဆက်လက်ကာကွယ်သွားနိုင်လိမ့်မည်ဖြစ်သည်။

သို့ဖြစ်၍ ပရီမီယာလိဂ်ပွဲစဉ် (၃၈)သည် ဖလားဆွတ်ခူးနိုင်မည့်အသင်းကို အဖြေထုတ်ပေးနိုင်မည့်ပွဲဖြစ်ခြင်းကြောင့် စိတ်လှုပ်ရှားဖွယ် အကောင်းဆုံး ပရီမီယာလိဂ်ပွဲစဉ်အဖြစ် ပရိသတ်များ စောင့်ကြည့်ရပေတော့မည်။ ။

ကိုးကား-အင်တာနက်



ရောမမာစတာဖလား ရာဖေးလ်နာဒယ်ဆွတ်ခူး



ရောမ မေ ၄

ရာဖေးလ်နာဒယ်သည် ရောမမြို့၌ ကျင်းပသည့် ရောမ မာစတာတင်းနစ်ပြိုင်ပွဲတွင် တစ်နိုင်ငံတည်းသား ဒေးဗစ်ဖာရာအား ၇-၆၊ ၆-၂ ဖြင့်နိုင်ပြီး ဖလားဆွတ်ခူးနိုင်ခဲ့သည်။

ဆွတ်ခူး

ရာဖေးလ်နာဒယ်သည် ခြောက်နှစ်တာကာလအတွင်း ယင်းဖလားကို ငါးလုံးမြောက်အဖြစ် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်တင်းနစ် ကစားသမား အက်ဂါဆီသည် မာစတာ တင်းနစ်ပြိုင်ပွဲတွင် ဖလား ၁၇လုံးအထိ ဆွတ်ခူးပြီး စံချိန်တင်နိုင်ခဲ့သည်။ ယင်းစံချိန်ကို ရာဖေးလ်နာဒယ်ကလည်း တင်နိုင်ခဲ့သည်။

အက်ဂါဆီသည် အသက် ၃၄ နှစ်တွင် မာစတာဖလား ၁၇လုံး ဆွတ်ခူးနိုင်ချိန်၌ ရာဖေးလ်နာဒယ်က အသက် ၂၃ နှစ်၌ ဆွတ်ခူးနိုင်ခဲ့သည်။ (အင်တာနက်)

ပရီမီယာလိဂ် ပွဲစဉ် (၃၇)အပြီး အသင်းများရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	ချယ်လ်ဆီး	၃၇	၂၆	၅	၆	၈၃
၂	မန်ယူ	၃၇	၂၆	၄	၇	၈၂
၃	အာဆင်နယ်	၃၇	၂၂	၆	၉	၇၂
၄	စပါး	၃၆	၂၀	၇	၉	၆၇
၅	မန်စီးတီး	၃၆	၁၈	၁၂	၆	၆၆
၆	အက်စ်တွန်ဗီလာ	၃၇	၁၇	၁၃	၇	၆၄
၇	လီဗာပူး	၃၇	၁၈	၈	၁၁	၆၂
၈	အဲဗာတန်	၃၇	၁၅	၁၃	၉	၅၈
၉	ဘာမင်ဂမ်	၃၇	၁၃	၁၁	၁၃	၅၀
၁၀	ဘလက်ဘန်း	၃၇	၁၂	၁၁	၁၄	၄၇
၁၁	ဖူလ်ဟမ်	၃၆	၁၂	၁၀	၁၄	၄၆
၁၂	ဆန်းဒါးလန်း	၃၇	၁၁	၁၁	၁၅	၄၄
၁၃	စတုတ်စီးတီး	၃၆	၁၀	၁၄	၁၂	၄၄
၁၄	ဘော်လ်တန်	၃၇	၉	၉	၁၉	၃၆
၁၅	ဝီဂန်	၃၇	၉	၉	၁၉	၃၆
၁၆	ဝူလ်ဗာဟမ်တန်	၃၇	၈	၁၁	၁၈	၃၅
၁၇	ဝက်စ်ဟမ်း	၃၇	၈	၁၀	၁၉	၃၄
၁၈	ဟူးလ်စီးတီး	၃၇	၆	၁၁	၂၀	၂၉
၁၉	ပို့စ်မောက်	၃၇	၇	၇	၂၃	၂၈
၂၀	ဘန်လေ	၃၇	၇	၆	၂၄	၂၇

(အင်တာနက်)

ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် ဇာဗီလွဲချော်ဖွယ်

ဘာစီလိုနာ မေ ၄

စပိန်ကွင်းလယ်ကစားသမား ဇာဗီသည် ကြွက်သားအနာတရဖြစ်နေ၍ ကမ္ဘာ့ဖလားနှင့် လွဲချော်ဖွယ်ရှိကြောင်း ဘာစီလိုနာအသင်းက ပြောကြားသည်။

ဒဏ်ရာရ

ဇာဗီသည် ဗီလာရီရဲနှင့်ကစားစဉ် ထိခိုက်ဒဏ်ရာရခဲ့ခြင်းဖြစ်ကြောင်း ဘာစီလိုနာနည်းပြ ဂွါဒီယိုလာက ပြောကြားသည်။

စွမ်းဆောင်

ကွင်းလယ်ကစားသမား ဇာဗီသည် ဘာကာအတွက် အဓိကအားထားရသော ကစားသမားဖြစ်သကဲ့သို့ စပိန်အသင်းအတွက်လည်း အရေးကြီးသည်။ ၎င်းသည် ယူရို ၂၀၀၈တွင် စပိန်အသင်းကို ဖလားရသည်အထိ အဓိကစွမ်းဆောင် ကစားပေးခဲ့သူ ဖြစ်သည်။

ကစားရမည်

စပိန်အသင်းသည် ဇွန် ၁၆ရက်တွင် ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်အဖြစ် ဆွစ်ဇာလန်အသင်းနှင့် ကစားရမည်ဖြစ်သည်။ (အင်တာနက်)

ချယ်လ်ဆီးကို အနိုင်ကစားသွားမည်ဟု ဝီဂန်နည်းပြ မာတီနက်ဇ်ပြောကြား

လန်ဒန် မေ ၄

လာမည့်ပရီမီယာလိဂ်ပွဲစဉ်(၃၈)တွင် ချယ်လ်ဆီးကို သရေ သို့မဟုတ် အနိုင်ကစားသွားမည်ဖြစ်ကြောင်း ဝီဂန်နည်းပြ ရော်ဘတ်တိုမာတီနက်ဇ်က ထုတ်ဖော်ပြောကြားလိုက်သည်။မိမိတို့အသင်းအနေဖြင့် အကောင်းဆုံး ကစားနိုင်ရန်ပြင်ဆင်နေပြီဖြစ်ကြောင်း နည်းပြ မာတီနက်ဇ်က ဆက်လက်ပြောကြားသည်။

အခွင့်အရေး

ဝီဂန်အသင်းသည် လက်ရှိအမှတ်ပေးဇယားတွင် အဆင့်၁၅ နေရာ၌ ရှိနေပြီး ချယ်လ်ဆီးကိုနိုင်၍ နံပါတ် ၁၄ နေရာ တက်နိုင်ခဲ့လျှင် ဆုအပိုကြေးငွေ ပေါင် ၇၅၀၀၀၀ ရရှိမည်ဖြစ်သဖြင့် ယင်းအခွင့်အရေးအတွက် လက်လွှတ်ခံမည် မဟုတ်ကြောင်း မာတီနက်ဇ်က ပြောကြားသည်။ (အင်တာနက်)

မြင့်မောင်စိုး-စုစည်းသည်

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

ဥရောပချန်ပီယံရှစ် ပြေးခုန်ပစ် ဆွစ်ဇာလန်၌ ကျင်းပမည်

၂၀၁၄ခုနှစ် ဥရောပချန်ပီယံရှစ် ပြေးခုန်ပစ်ပြိုင်ပွဲကြီးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန်အတွက် ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့ရှိ အသစ်ပြုပြင်မွမ်းမံပြီးသော ပရိသတ် ၂၈၀၀၀ဆံ့ လက်ဇီဂရန်း အားကစားကွင်းကြီးကို ရွေးချယ်ထားကြောင်း သိရသည်။

ဂိုးသမား ဂျိမ်းစ် ပရီမီယာလိဂ်၌ ဆက်ကစားရဖွယ်ရှိ

ဘာမင်ဂမ်နည်းပြ အဲလက်စ်မက်ကလစ်ချ်သည် ဂိုးသမား ဂျိုးဟတ်နေရာတွင် ဒေးဗစ်ဂျိမ်းစ်အား အစားထိုးရန် စီစဉ်နေသည့်အတွက် ပို့စ်မောက် အသင်းနှင့်အတူ တန်းဆင်းရမည့် အင်္ဂလန်လက်ရွေးစင် ဂိုးသမား ဂျိမ်းစ်အတွက် ပရီမီယာလိဂ်တွင် ဆက်ကစားရန် အခွင့်အရေးတစ်ရပ်ရဖွယ်ရှိသည်။

စတုဂတ်ဂရင်းပရစ်က်ဆုဖလား ဟေနင်ဆွတ်ခူး

ဂျာမနီနိုင်ငံ စတုဂတ်မြို့၌ ကျင်းပလျက်ရှိသော စတုဂတ်ဂရင်းပရစ်က်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဘယ်လ်ဂျီယံတင်းနစ်မယ် ဂျူစတင်ဟေနင်သည် ပြိုင်ဘက် ကမ္ဘာ့အဆင့် (၁၀)ရှိ ဩစတြေးလျတင်းနစ်မယ် ဆာမန်သာစတိုဆာအား ၆-၄၊ ၂-၆၊ ၆-၁ဖြင့် အနိုင်ရရှိကာ ဆုဖလားဆွတ်ခူးခဲ့သည်။ ယခု ဆုဖလားသည် တင်းနစ်လောကမှ ခေတ္တအနားယူပြီး တင်းနစ်ပြန်ကစားကတည်းက ဟေနင်အတွက် ပထမဦးဆုံး ဆွတ်ခူးသည့် ဆုဖလားလည်းဖြစ်ကြောင်း သိရသည်။

ပီဂျီအေတိုးဂေါက်သီးဆုဖလား မက်အီလ်ရွိုင်ဆွတ်ခူး

အမေရိကန်နိုင်ငံ ချားလော့တီမြို့ ကွေးလ်ဟော်လိုဂေါက်ကွင်း၌ ကျင်းပသော ပီဂျီအေတိုး ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အသက် ၂၀အရွယ်ရှိ မြောက်အိုင်ယာလန် ဂေါက်သီးသမား ရိုရီမက်အီလ်ရွိုင်သည် သတ်မှတ်ရိုက်ချက်အောက် ၁၅ချက် လျှော့ရိုက်ပြီး စုစုပေါင်း ရိုက်ချက် ၆၂ချက်ဖြင့် စံချိန်တင်ကာ ၎င်း၏ ပထမဦးဆုံး ပီဂျီအေတိုး ဂေါက်သီး ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။ မက်အီလ်ရွိုင်သည် ၁၉၉၆ ခုနှစ်က ပီဂျီအေတိုး ဂေါက်သီးဆုဖလားကို တိုက်ဂါးဝုဒ် ဆွတ်ခူးခဲ့ပြီးကတည်းက ယင်းဆုဖလားကို ထပ်မံဆွတ်ခူးခဲ့သည့် အသက်အငယ်ဆုံး ဂေါက်သီးသမား ဖြစ်လာသည်။

စပိန်အိုးပင်းဂေါက်သီးဆုဖလား ကွီရို့စ် ဆွတ်ခူး

စပိန်နိုင်ငံ ဆီဗီးလ်မြို့၌ကျင်းပသော စပိန်အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် စပိန်ဂေါက်သီးသမား အယ်လ်ဗာရိုကွီရို့စ်သည် နောက်ဆုံးဗိုလ်လုပွဲစဉ်၌ သတ်မှတ်ရိုက်ချက်အောက် ၁၁ချက်လျှော့ရိုက်ကာ လျှော့ရိုက်ချက်ချင်းတူနေသည့်အင်္ဂလန် ဂေါက်သီးသမား ဂျိမ်းစ်မောရစ်ဆင်နှင့် အဆုံးအဖြတ်ပွဲကစားရာတွင် အနိုင်ရရှိပြီး စပိန်အိုးပင်းဂေါက်သီးဆုဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။

မိုဒရစ် မထွက်ခွာရန် တားဆီးနိုင်မည်ဟု ရက်နက်ယုံကြည်

စပါးကွင်းလယ်ကစားသမား လူကာမိုဒရစ်အား မန်ယူက ခေါ်ယူရန် ကြိုးပမ်းနေမှုကို တားဆီးနိုင်မည်ဟု ယုံကြည်ကြောင်း စပါးနည်းပြ ဟာရီရက်နက်က ဖွင့်ဟပြောကြားသည်။

ဘက်ဖို့ဒ်အား ခေါ်ယူနိုင်ရေး အဲဗာတန် ရေပန်းစား

ကိုယ်စားလှယ်မထားသူ လိဒ်ယူနိုက်တက်မှ ဂျာမိန်းဘက်ဖို့ဒ်အား ယခုဘောလုံးရာသီအကုန်၌ စာချုပ်ခေါ်ယူနိုင်ရေးတွင် အဲဗာတန်အသင်းက ထိပ်ဆုံးမှ ရေပန်းစားလျက်ရှိကြောင်း သိရသည်။

ဒင်နာနီ ပရီမီယာလိဂ်တွင် ဆက်ကစားမည်

ပြင်သစ်အသင်းလန်းစ်မှ ပို့စ်မောက်အသင်းတွင် အငှားစာချုပ်ဖြင့် ကစားနေသူ အရှုနာဒင်နာနီသည် ဘလက်ဘန်းအသင်းတွင် ဆေးစစ်ဆေးမှုများ ခံယူပြီးပြီဖြစ်ရာ ၎င်းအနေဖြင့် အင်္ဂလန်ပရီမီယာလိဂ်တွင် ဆက်ကစားရန်အတွက် လွန်ခဲ့သည့်နှစ်က လန်းစ်အသင်းနှင့် ချုပ်ဆိုထားသည့် လက်ကျန်စာချုပ်အတွက် လျော်ကြေးပေးမည်ဟုဆိုသည်။

၂၀၂၂ခုနှစ် ကမ္ဘာ့ဖလားလက်ခံကျင်းပရန် ဂျပန်လျှောက်ထားမည်

၂၀၁၈ခုနှစ်ကမ္ဘာ့ဖလားကို ဥရောပတိုက်ရှိ နိုင်ငံတစ်နိုင်ငံတွင် ကျင်းပခွင့်ပေးရန် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)က စီစဉ်ထားပြီး ဖြစ်သည့်အတွက် ၂၀၂၂ခုနှစ် ကမ္ဘာ့ဖလားကို ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် လျှောက်ထားမည်ဟု ဂျပန်ဘောလုံးအဖွဲ့ချုပ် (ဂျေအက်ဖ်အေ)ဥက္ကဋ္ဌ မိုတိုအာကီ အီနူကိုင်က ပြောကြားခဲ့ကြောင်း ဒေသတွင်း မီဒီယာများက မေ ၄ရက်တွင် သတင်းထုတ်ပြန်သည်။ ။

အားကစား/ကာယ ဦးစီးအရာရှိ မွမ်းမံသင်တန်းဖွင့်

နေပြည်တော် မေ ၄

အားကစားဝန်ကြီးဌာန ဝန်ကြီး သူရ ဦးအေးမြင့်သည် ယနေ့နံနက် စနာရီတွင် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)ရှိ သင်တန်းခန်းမ၌ ကျင်းပသော အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ မွမ်းမံသင်တန်း အမှတ်စဉ် (၁၀)သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ ပြည်နယ်နှင့်တိုင်း အသီးသီးတွင် အခြေခံအားကစားလုပ်ငန်း တာဝန်များကို ထမ်းဆောင်နေကြသည့် ဦးစီးအရာရှိ (မြို့နယ်)များနှင့် ဦးစီးဌာနရှိ ဌာနခွဲအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသည့် ဦးစီးအရာရှိများအား အရည်အချင်း ပိုမိုပြည့်ဝသည့် အားကစားစည်းရုံးရေးမှူးကောင်းများ၊ အားကစား ခေါင်းဆောင်များအဖြစ် ရောက်ရှိလာစေရေး၊ ဝန်ကြီးဌာနအောက်ရှိ ဌာနခွဲ အသီးသီး၏ လုပ်ငန်းဆောင်ရွက်ချက်များကို နားလည်သဘောပေါက်စေရေးနှင့် ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသော အားကစားနည်းစနစ် /နည်းဥပဒေများကို သိရှိစေရေးစသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ သင်တန်းကို ဖွင့်လှစ်ပေးသည်။

အဆိုပါ သင်တန်းသို့ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ သင်တန်းသား သင်တန်းသူ ၅၀တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသည့် မြဝတီမင်းကြီးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၆ရက်က ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးခိုင်ဇော်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်လှိုင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မောင်စိုးတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

အလေးမဒိုင်လူကြီးသင်တန်း ဖွင့်လှစ်မည်

ရန်ကုန် မေ ၄

မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်က အရည်အသွေးမီ အလေးမဒိုင်လူကြီးများ ပေါ်ထွက်လာစေရေးအတွက် အလေးမဒိုင်လူကြီးသင်တန်း အမှတ်စဉ်(၂/၂၀၁၀)ကို မေ ၂၄ ရက်မှ ၂၈ ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် အလေးမလေ့ကျင့်ရေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

လျှောက်ထားနိုင်

အဆိုပါသင်တန်းသို့ အလေးမဒိုင်လူကြီးအဖြစ် ဆောင်ရွက်ရန် စိတ်ပါဝင်စားသူများ၊ အလေးမ အားကစားတွင် အချိန်ပေးဆောင်ရွက်နိုင်သူများနှင့် အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

အလေးမဒိုင်လူကြီးသင်တန်းသို့ ရန်ကုန်မြို့မှအပ နယ်မှတက်ရောက်လိုသူများသည် ခရီးစရိတ်ကို မိမိအစီအစဉ်ဖြင့် ကျခံရမည်ဖြစ်ပြီး နေထိုင်ရေးနှင့် စားသောက်ရေးကို မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်က စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်း

အလေးမဒိုင်လူကြီးနှင့် စပ်လျဉ်း၍ သိရှိလိုသော အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် (ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း) ဖုန်း- ၀၁-၃၈၈၁၆၀သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၀)ဖြန့်ချိ

ရန်ကုန် မေ ၄

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ၁၉၇၈ခုနှစ်မှစ၍ နှစ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိသည့် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၀)ကို ယခုနှစ်တွင်လည်း ယခင်နှစ်များထက် စာမျက်နှာတိုးမြှင့်၍ ကြွေစက္ကူရောင်စုံဓာတ်ပုံ ၃၀ကျော်၊ အဖြူအမည်းဓာတ်ပုံ ၁၅၀ကျော်၊ စာရေးသူပညာရှင်ကြီးများ၏ ဓာတ်ပုံနှင့် အတ္ထုပ္ပတ္တိအကျဉ်းတို့ဖြင့် ဝေဝေဆာဆာထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ဖော်ပြထား

ယခုနှစ်ထုတ် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၀)တွင် အပိုင်း သုံးပိုင်းခွဲခြားဖော်ပြထားပြီး အပိုင်း(၁)တွင် ၂၀၀၉ခုနှစ်အတွင်း မြန်မာနှင့် နိုင်ငံတကာမှဖြစ်ရပ်များကို ရက်စွဲအလိုက်ဖော်ပြထားသည်။ အပိုင်း (၂)တွင် ၂၀၀၉ ခုနှစ်အတွင်း ထင်ရှားပေါ်ထွက်လာသော အကြောင်းအရာများကို သုတေသနပြု ရေးသားထားသည့် ဆောင်းပါး ၁၃ပုဒ်ဖြစ်သည့် ကမ္ဘာ့တက္ကသိုလ်ကြီးများနှင့် ရုပ်ရှင်ပညာ၊ နျူကလီးယားစွမ်းအင်၊ ပုခန်းကြီးဒေသဂူဘုရားနံရံများမှ ဆေးရေးပန်းချီ၊ ပုခန်းကြီးဒေသသမိုင်း ဖြစ်ပေါ်တိုးတက်လာပုံ၊ ဗိုင်းရပ်စ်မွှားလေး၊ မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့၏ ဆယ်နှစ်ခရီး၊ မြန်မာအမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်၊ ယနေ့ခေတ်လူသားနှင့် ကာဗွန်ဒိုင်အောက်ဆိုက်၊ ရေအောက်ရှေးဟောင်းသုတေသနပညာ သင်ကြားရေး၊ ရွှေကောက်ပွဲ၊ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့ ပါဝင်သည်။ အပိုင်း (၃)တွင် ၂၀၀၉ခုနှစ်အတွင်းဖြစ်ပေါ်ခဲ့သည့် မြန်မာနိုင်ငံနှင့် နိုင်ငံတကာမှ အကြောင်းအရာများကို စွယ်စုံနှစ်ချုပ်၏ အစဉ်အလာအတိုင်း ကမ္ဘအအထိ အက္ခရာစဉ်၍ ဖော်ပြထားသည်။

အဆိုပါ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၀)ကို စာပေဗိမာန်စာအုပ်ဆိုင် အမှတ် (တ/၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၀၊ စာပေဗိမာန်စာအုပ်ဆိုင်(မန္တလေး) ဖုန်း-၀၂-၆၂၉၃၁၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင် အမှတ် (၂၁၂) သိမ်ဖြူလမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၉၄၃၀၆၊ အင်းဝစာအုပ်ဆိုင် အမှတ် (၂၀၁/၃၀၁) မြေညီထပ် ပန်းဆိုးတန်း (အထက်ဘလောက်) ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၃၂၁၆၊ ၃၈၉၈၃၈၊ ထွန်းဦးစာပေဖြန့်ချိရေး အမှတ် (၁၀၁) ၈၄လမ်း ၂၉လမ်းနှင့် လမ်း ၃၀ကြား မန္တလေးမြို့ ဖုန်း-၀၂-၃၉၈၀၁၊ ၇၂၅၁၈၊ နဂါးစာပေ အမှတ် (၂၉/ခ)၈၃လမ်း ၂၉လမ်းနှင့် လမ်း ၃၀ကြား မန္တလေးမြို့ ဖုန်း-၀၂-၂၁၅၂၇တို့တွင် ဝယ်ယူရရှိနိုင်ပြီး ရောင်းဈေးမှာ ငွေကျပ် ၃၀၀၀ဖြစ်သည်။

ဝယ်ယူနိုင်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အိမ်အရောက် ပေးပို့စေလိုပါက အပိုကြေးပေးစရာမလိုဘဲရောင်းဈေးအတိုင်း Novel Light Express ဖုန်း-၀၉-၅၀-၈၀၈၅၀၊ ၀၁-၃၉၁၁၈၆တို့သို့ ဆက်သွယ်မှာကြား ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိုးဘေးရှောင် မလောင်ခင်တား ညီနောင်သွေးချင်းများ

မြဝတီရုပ်မြင်သံကြား

၅-၅-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄း၄၀ ၄။ မြဝတီရုပ်မြင်သံကြား မင်္ဂလာကဏ္ဍ
၄း၅၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၀၅ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၁၅ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၅း၂၅ ၉။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ လျှပ်တစ်ပြက်
၆း၃၅ ၁၄။ Mail Box
၆း၄၅ ၁၅။ ကာတွန်းအစီအစဉ် **စွန့်စားသူတို့ပျော်စံရာ** (အပိုင်း-၉)
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ်လှည်းကလေး** (အပိုင်း-၅)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ ရယ်ရွှင်စရာ ဟာသပဒေသာ **သမီးနှင့်သမက်၊ သားနှင့်ချွေးမ** မိုးခန့်၊ အရိုင်း၊ လင်းဇာနည်ဇော်၊ မျိုးမျိုးခိုင် [ဒါရိုက်တာ - မောင်ပြည့်ဝ (ပန်းဝေသီ)]
၂၂။ အိုင်စီတီသုတ
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကမ္ဘည်းတွင်မည့် ချင်သူရဲကောင်း** (အပိုင်း-၁၈)

တောင်ပိုင်းဒေသများ၌ မိုးရွာဖွယ်

နေပြည်တော် မေ ၄

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာအနှံ့အပြား၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့ကာ ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ မကွေးတိုင်းတွင် မေလ၏ပျမ်းမျှ အပူချိန်တို့ထက် ၆ ဒီဂရီစင်တီဂရိတ်၊ ဧရာဝတီတိုင်းတွင် မေလ၏ပျမ်းမျှအပူချိန်ထက် ၇ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မေလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ တံတားဦးမြို့တွင် ၂ ဒသမ ၂၈ လက်မ၊ ထားဝယ်မြို့တွင် ၁ ဒသမ ၅၀လက်မ၊ စစ်ကိုင်းမြို့တွင် ၀ ဒသမ ၉၁ လက်မ၊ ကျောက်တော်မြို့တွင် ၀ ဒသမ ၇၁လက်မ၊ မကွေးမြို့တွင် ၀ ဒသမ ၆၃ လက်မ၊ ကျောက်ဆည်မြို့တွင် ၀ ဒသမ ၅၅လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မေ ၅ ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ကမ္ဘာလှည့်အပျော်စီးသင်္ဘော မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း သီလဝါသို့ရောက်ရှိပြီး မြန်မာနိုင်ငံအတွင်း လှည့်လည်လေ့လာ

ရန်ကုန် မေ ၄

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ပို့ဆောင်ရေး ဝန်ကြီးဌာနတို့က ကြီးကြပ်ပြီး Myanmar Voyages International Tourism Co., Ltd. ၏ အစီအစဉ်ဖြင့် အမေရိကန်လူမျိုး အများစုပါဝင်သော ခရီးသည် ၃၇၉ဦး လိုက်ပါလာသည့် M.V Crystal Symphony ကမ္ဘာလှည့်အပျော်စီးသင်္ဘောသည် ဧပြီ ၃၀ ရက် ညနေ ၄ နာရီ မိနစ် ၄၀တွင် ထိုင်းနိုင်ငံ ဖူးကက်ဆိပ်ကမ်းမှတစ်ဆင့် မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း သီလဝါသို့ရောက်ရှိလာရာ မြန်မာ့ခရီးသွားလုပ်ငန်းဌာနမှ အထွေထွေမန်နေဂျာ ဦးဝင်းလှိုင်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူများနှင့် Myanmar Voyages International Tourism Co., Ltd. မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်ထွက်ခွာ

အဆိုပါခရီးသည်များသည် ရန်ကုန်မြို့တွင်း ခရီးစဉ်များ၊ သန်လျင်ခရီးစဉ်၊ ပဲခူးနေ့ချင်းပြန်ခရီးစဉ်၊ အင်းလေးဒေသခရီးစဉ် (တစ်ညအိပ်/ နှစ်ရက်)၊ ပုဂံခရီးစဉ် (တစ်ညအိပ်/နှစ်ရက်)နှင့် မန္တလေးခရီးစဉ် (တစ်ညအိပ်/နှစ်ရက်)တို့ကို လှည့်ပတ်ကြပြီး နောက် မေ ၂ ရက် ညနေ ၃ နာရီခွဲတွင် အိန္ဒိယနိုင်ငံ ကိုချင်ဆိပ်ကမ်းသို့ ဆက်လက်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

ရုပ်သံစလောင်းနှင့် စာအုပ်စာစောင်လှူဒါန်းပွဲ မိုင်းပျဉ်း ယမ်းဟိုင်းကျေးရွာစာကြည့်တိုက်၌ ကျင်းပ

မိုင်းပျဉ်း ဧပြီ ၂၀

မိုင်းဆတ်ခရိုင် မိုင်းပျဉ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ မတ် ၆ရက်က မိုင်းပျဉ်းမြို့နယ် ဝမ်တာခတ်အုပ်စု ယမ်းဟိုင်းကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တွင် ပြန်ကြားရေးဝန်ကြီးဌာနမှ လှူဒါန်းသော DTH ရုပ်သံစလောင်းနှင့် စာအုပ်စာစောင် လှူဒါန်းပွဲအခမ်းအနားကျင်းပသည်။ **(အောက်ပုံ)**

ရှင်းလင်းဆွေးနွေး

ရေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မြင့်က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်ငုချိုချိုကျော်က DTH စနစ် စလောင်းလှူဒါန်းရခြင်း၏ ရည်ရွယ်ချက်နှင့် ကျေးရွာစာကြည့်တိုက်စံ(၅)ချက်နှင့်အညီ ပြည့်စုံရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။

လှူဒါန်း

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက DTH စနစ်စလောင်းကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ငုချိုချိုကျော်က သုတရသစာအုပ်များနှင့် ဂျာနယ်မျိုးစုံကို ကျေးရွာဥက္ကဋ္ဌ ဦးစိုင်းအုန်းခေါင်ထံ လှူဒါန်းသည်။ ထို့နောက် ရုပ်မြင်သံကြားဖမ်းစက်နှင့် DTH စနစ် စလောင်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကြီးကြပ် တပ်ဆင်ပေးခဲ့ရာ MRTV နှင့် MRTV-4 ရုပ်သံများကို ကြည်လင်ပြတ်သားစွာ ကြည့်ရှုနိုင်သည်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်း ထွေတလာ

ပုသိမ်ကြီး မြို့တောကျေးရွာ စာကြည့်တိုက် အဆောက်အအုံဖွင့် စာအုပ်စာစောင်၊ ငွေပဒေသာပင် ပေးအပ်လှူဒါန်း

ပုသိမ်ကြီး ဧပြီ ၂၅

မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် မြို့တောကျေးရွာ မျိုးဆက်သစ် စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၅ရက် နံနက် ၁၀နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ ပုသိမ်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မီမီလွင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းနှင့် ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးတင်မောင်တို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မီမီလွင်က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းက စာဖတ်ခြင်းအကျိုးကျေးဇူးများအကြောင်း ရှင်းလင်းဆွေးနွေးပြီးနောက် ကျေးရွာဥက္ကဋ္ဌ ဦးတင်မောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ထို့နောက် လှူဒါန်းပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လစဉ်ထုတ်သတင်းစာ ငါးလစာနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဂျာနယ်မျိုးစုံ အုပ်၅၀၊ ဦးခင်မောင်မြင့်-ဒေါ်သန်းဝင်း မိသားစုက ငွေပဒေသာပင် ကျပ်တစ်သောင်း၊ မစန်းစန်းဦး မိသားစုက ကျပ် ၅၀၀၀၊ ဦးဂျပန် - ဒေါ်တင်လှ မိသားစုက ကျပ် ၅၀၀၀၊ ဦးစိုးငွေမိသားစု၊ ဦးဝေလင်း မိသားစုနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဥမ္မာခင်တို့က စာအုပ်မျိုးစုံ အုပ်၃၅၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌ ဦးတင်မောင်နှင့် စာကြည့်တိုက်မှူးတို့က လက်ခံယူကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မိုးညှင်းမြို့၌ သင်ကြားမှုစွမ်းရည် မြှင့်မားရေးသင်တန်းဖွင့်

မိုးညှင်း ဧပြီ ၂၅

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် ပညာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ် သင်ကြားမှုစွမ်းရည် မြှင့်မားရေး သင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၂၉ ရက် နံနက် ၉နာရီ က အမှတ်(၁) အခြေခံ ပညာအထက်တန်းကျောင်း အောင်ဆန်း ခန်းမ၌ကျင်းပသည်။ အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်မောင်စိုးက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ခရိုင်ပညာရေးမှူး ဦးခင်မောင်လွင်က သင်တန်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် သင်တန်းနည်းပြများကိုယ်စား ဦးမောင်မြင့်က သင်တန်းနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည်များကို ရှင်းလင်းပြောကြားသည်။ ***(မြို့နယ် ပြန်/ ဆက်)***

ဝိုင်းမော်မြို့နယ် ရွှေညောင်ပင်ကျေးရွာတွင် နိုင်ငံတော်မတည်ငွေဖြင့် ဆောက်လုပ်သော ပတ္တမြားစာကြည့်တိုက်အဆောက်အအုံသစ်ကို မတ် ၂၈ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒေါ်အိအိရွှေ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးဘောမ်ယိန်းနှင့် ရွှေညောင်ပင် ကျေးရွာဥက္ကဋ္ဌ ဦးဘောက်လာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ပညာပေးနှိုးဆော်ချက် အမှတ်-၁ ငါးရစ်ငါးသန်ဘေးမဲ့ချန်၊ ပုံမှန်စားသုံး မျိုးမသုဉ်း

မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်၊ ချောင်း၊ အင်းအိုင်အနှံ့အပြား၌ မျိုးရည်ပြည့်ဝသော ငါးထီးကြီးများနှင့် ဥများဖြင့် ပြည့်နေသော ငါးမကြီးများသည် ဥချရန် နေရာရှာဖွေ၍ ငါးရစ်တက်ကြသည်။

ထိုငါးရစ်တက်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်လေးများသည်လည်း သေကျေပျက်စီးကာ တစ်နိုင်ငံလုံး ဖူလုံစွာ စားသုံးမှုနှင့် အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူမပြုနိုင်တော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်သည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာ အမှတ်(၂/၉၂)ဖြင့် ငါးရစ်၊ ငါးသန်ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားသည်။ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ(၄၅)အရ ဖမ်းဆီးတရားစွဲဆို အပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားသည်။

သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီအချိန်များတွင် လွတ်လပ်စွာ ဥချသားပေါက်နိုင်ရန် ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

ဆီဆိုင်မြို့၌ ကတ္တရာလမ်းသစ်ဖွင့်

ဆီဆိုင် ဧပြီ ၂၆

ဆီဆိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်သည့် ဆီဆိုင်မြို့ ယုဇနလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၆ရက် နံနက် ၈နာရီက အဆိုပါ လမ်းမုခ်ဦး၌ ကျင်းပသည်။

ပြောကြား

ရေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ခက လမ်းသစ်နှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက်လမ်းသစ်ကို နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးတင့်အောင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလွင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးခင်မောင်ခတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ယုဇနလမ်းကတ္တရာလမ်းသစ်သည် အရှည်ပေ ၁၁၀၀၊ အကျယ် ၁၂ပေ ဖြစ်ပြီး ခွင့်ပြုရန်ပုံငွေကျပ် ၆၅သိန်းကျော် အကုန်အကျခံ ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

နေ့ညမဟူ သတိမူ ရန်သူမီးကိုသာ

မြောက်ပိုင်းအလင်းစာကြည့်တိုက် မန်စံကျေးရွာ၌ဖွင့်

လားရှိုး ဧပြီ ၃၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ် မန်စံကျေးရွာ မြောက်ပိုင်းအလင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၁၄ရက်က အဆိုပါ အဆောက်အအုံသစ်ရှေ့၌ ကျင်းပသည်။

ဖွင့်လှစ်

ရေးဦးစွာ မြောက်ပိုင်းအလင်းစာကြည့်တိုက် အဆောက်အအုံသစ်ကို နမ္မတူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်စိုးနှင့် မန်စံကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းကြာတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် နမ္မတူမြို့နယ် အတွင်းရေးမှူးက အမှာစကားပြောကြားသည်။ ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်စန်းက စာကြည့်တိုက်ကို စံ(၅)ချက်နှင့် ညီညွတ်သောစာကြည့်တိုက်ဖြစ်ရေး ဝိုင်းဝန်းဆောင်ရွက်ကြရန်မှာကြားပြီး စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကြသည်။ (ဝ၂၆)

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက် (၁)

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင် လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

အပူဒဏ်ကာကွယ်ရေး နှိုးဆော်ချက် (၂)

ဆေးရုံသို့အမြန်ပြသပါ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း စက်ချုပ်သင်တန်းများဆင်းပွဲအခမ်းအနား လှိုင်ကော်မြို့၌ကျင်းပ

လှိုင်ကော် ဧပြီ ၂၂

ကယားပြည်နယ် လှိုင်ကော်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်း အခြေခံစက်ချုပ်သင်တန်းအမှတ်စဉ် (၄၆/၂၀၀၉) နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ် (၂၅/၂၀၀၉) သင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၂၆ ရက် နံနက် ၈နာရီက အဆိုပါသင်တန်းကျောင်းခန်းမ၌ကျင်းပရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ဝင်းမြင့် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။ ဆက်လက်၍ သင်တန်းထူးချွန်ဆုများ၊ သင်တန်းဆင်းအောင်လက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် ပြည်နယ်ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက သင်တန်းသူများ၏ အိမ်တွင်းမှုလက်ရာများကို ကြည့်ရှုအားပေးသည်။ **(ဝဲပုံ)** **(ပြည်နယ် ပြန်/ဆက်)**

မြို့နယ် သတင်း ထွေထွေလာ

အိုင်ကွန် အဆင့်မြင့်ကွန်ပျူတာ သင်တန်းခန်းမဖွင့်

စဥ့်ကူး ဧပြီ ၂၉

စဥ့်ကူးမြို့နယ် လက်ပန်လှကျေးရွာ အိုင်ကွန် အဆင့်မြင့်ကွန်ပျူတာသင်တန်းခန်းမဖွင့်ပွဲကို မတ် ၂၉ ရက်က အဆိုပါ ကျေးရွာ အိုင်ကွန် အဆင့်မြင့်ကွန်ပျူတာ သင်တန်းခန်းမ၌ ကျင်းပရာ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဆွေဦးနှင့် တာဝန်ခံ ဦးဆွေတင်တို့က သင်တန်းခန်းမကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

ရှင်းလင်းပြောကြား

ဖွင့်ပွဲတွင် ကျေးရွာဥက္ကဋ္ဌ ဦးဆွေဦးက အဖွင့်အမှာစကားပြောကြားပြီး တာဝန်ခံ ဦးဆွေတင်က မျိုးဆက်သစ်လူငယ်များ ဉာဏ်ရည်ဉာဏ်သွေး သွက်လက် ထက်မြက်စေရန်နှင့် ကွန်ပျူတာကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုတတ်ရန် ရည်ရွယ်လျက် ရင်သွေးငယ်များအတွက် (Kid's Computer Technology)နှင့် ကျွမ်းကျင်စွာ တတ်လိုသူများအတွက် (Computer Basic Course)တို့ကို အခြေခံမှစ၍ ကျွမ်းကျင်တတ်မြောက်အောင် စနစ်တကျ အသေးစိတ် သင်ကြားပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

သင်တန်းကာလ

သင်တန်းကာလမှာ နှစ်လဖြစ်ပြီး သင်တန်းချိန်မှာ နှစ်နာရီဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဝမ်းလျှောဝမ်းပျက်ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန်

၁။ ဝမ်းလျှောဝမ်းပျက်ရောဂါသည် ကူးစက်ရောဂါဖြစ်သည်။ ရောဂါပိုးများသည် ရောဂါဖြစ်ပွားနေသူ၏ ဝမ်းနှင့်အန်ဖတ်များတွင် ပါရှိသည်။ ဝမ်းနှင့် အန်ဖတ်များထဲမှ ရောဂါပိုးများ ရေနှင့်အစားအစာများထဲသို့ ရောက်ရှိပြီး လူတို့စားသောက်မိခြင်းကြောင့် ရောဂါကူးစက်ပြန့်ပွားသည်။

၂။ ဝမ်းလျှောဝမ်းပျက်စေနိုင်သည့် အကြောင်းများ

(၁) ယင်လုံအိမ်သာအသုံးမပြုဘဲ မြေပြင်ပေါ်တွင် မစင်စွန့်ခြင်း
(၂) ယင်အုံ ယင်နားစာများ စားသောက်ခြင်း
(၃) မလတ်ဆတ်သော အစားအစာများ စားသုံးခြင်း
(၄) ချောင်းရေဖြင့် အိုးခွက်ပန်းကန်များ ဆေးကြောခြင်း
(၅) ချောင်းရေကို မကျိုချက်ဘဲသောက်ခြင်း
(၆) အစားအစာမကိုင်တွယ် မစားသောက်မီနှင့် မစင်စွန့်ပြီးချိန်တွင် လက်ကို ရေနှင့် ဆပ်ပြာသုံး၍ စင်ကြယ်အောင်မဆေးခြင်း

၃။ ဝမ်းလျှောဝမ်းပျက်ရောဂါဖြစ်ပွားကူးစက်မှုမရှိရန်

(၁) သန့်ရှင်းသော ယင်လုံအိမ်သာအသုံးပြုပါ။ မြေပြင်ပေါ်တွင် မစင်မစွန့်ပါနှင့်။ ယင်မလုံပါက ထုံး၊ ပြာ၊ မြေကြီးဖြင့် ဖုံးပါ။
(၂) ယင်ပေါက်ပွားမှုမရှိအောင် အမှိုက်သရိုက်များကို ကျင်းတူး၍စွန့်ပစ်ပြီး နေ့စဉ် ထုံး သို့မဟုတ် မြေကြီးဖြင့်ဖုံးပါ။
(၃) အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ကာကွယ်ပါ။ ယင်နားစာများ မစားပါနှင့်။
(၄) အစားအစာများကို ပူပူနွေးနွေးစားသောက်ပါ။ ဝမ်းနူးစာများနှင့် ပြင်ပမှ အစာများ မစားပါနှင့်။
(၅) ချောင်းရေမြောင်းရေများကို မသောက်ပါနှင့်။ ဆေးကြောရာတွင် မသုံးပါနှင့်။
(၆) ချောင်းအတွင်းရေချိုးခြင်း၊ ရေကူးခြင်းနှင့် ချောင်းအနီးတွင် အဝတ်လျှော်ခြင်း မပြုပါနှင့်။
(၇) ရေကို ကျိုချက်၍သောက်ပါ။
(၈) အိမ်ရာများမှ ရေလှောင်ကန်များထဲသို့ ရေပုံးနှင့် မခပ်ပါနှင့်။
(၉) အိမ်သာမှအဆင်းနှင့် အစားအစာများကို မကိုင်တွယ်မစားသောက်မီ လက်ကို ရေနှင့်ဆပ်ပြာသုံး၍ စင်ကြယ်အောင် ဆေးပါ။
(၁၀) ဝမ်းလျှောဝမ်းပျက်လူနာများနှင့် လူနာပြုစုသူများသည် လက်ကို ရေနှင့် ဆပ်ပြာသုံး၍ စင်ကြယ်စွာဆေးကြောပါ။
(၁၁) လူနာကို ကိုင်တွယ်ပြုစုပြီးတိုင်း လက်ကိုရေနှင့် ဆပ်ပြာသုံး၍ စင်ကြယ်စွာ ဆေးကြောပါ။

ကျန်းမာရေးဝန်ကြီးဌာန

ဝမ်းလျှောဝမ်းပျက်ရောဂါ

နှိုးဆော်ချက်-၂

မိုးရာသီတွင် သောက်သုံးရေများအတွင်းသို့ ညစ်ညမ်းသည့် ရေများစီးဝင်ခြင်း၊ သစ်သီးမှည့်အခွံများ မဆင်မခြင်စွန့်ပစ်ခြင်းကြောင့် ယင်ကောင်များပေါများခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းမှု နည်းပါးခြင်းတို့ကြောင့် ပြင်းထန်သည့် ဝမ်းလျှောဝမ်းပျက်ရောဂါများ ဖြစ်ပွားလေ့ရှိပါသည်။

ဝမ်းလျှောဝမ်းပျက်ရောဂါဖြစ်ပွားပါက

- အရည်ဝမ်းများသွားခြင်း
- အော့အန်ခြင်းတို့ကြောင့် ခန္ဓာကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားများ လျင်မြန်စွာ ဆုံးရှုံး၍ အားအင်ကုန်ခန်းခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းတို့ ဖြစ်ပွားပြီး အသက်သေဆုံးသည်အထိ ဖြစ်နိုင်ပါသည်။ ဝမ်းလျှောဝမ်းပျက်ရောဂါကြောင့် အသက်အန္တရာယ် ထိခိုက်မှုမှ ကာကွယ်ရန် ဆုံးရှုံးသွားသည့်ရေနှင့် ဆားဓာတ်များကို အချိန်မီဖြည့်တင်းရန် လိုအပ်ပါသည်။

သို့ပါ၍ ဝမ်းလျှောဝမ်းပျက်ရောဂါဖြစ်ပွားပါက ဓာတ်ဆားရည်ကို အညွှန်းအတိုင်း အတိအကျဖျော်၍ သောက်သုံးပြီး နီးစပ်ရာကျန်းမာရေးဌာနသို့ ဆောလျင်စွာ ပြသ၍ ကုသမှုခံယူရန် အသိပေးတိုက်တွန်းအပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

ကြက်၊ ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်မှုဆိုင်ရာ ပြည်သူလူထုအသိမြှင့်တင်မှု သင်တန်းဖွင့်

ကျွန်းလှ ဧပြီ ၂၅

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် ကြက်၊ ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ပြည်သူလူထု အသိမြှင့်တင်မှု သင်တန်းဖွင့်ပွဲကို ဧပြီ ၁ရက် နံနက်က မြို့နယ်စုပေါင်းရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်က အမှာစကားပြောကြားပြီး ကယားမြန်မာအဖွဲ့မှ ဦးဇော်ဖေသန်းနှင့် တိ/မွေးကုဦးစီးဌာနမှူး ဒေါက်တာညွန့်သောင်းတို့က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းတွင် သင်တန်းသား ၁၀ဦး တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ပုလဲမြို့နယ် ကံကြီးကျေးရွာ မူလတန်းလွန်ကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

ပုလဲ ဧပြီ ၁၅

ပုလဲမြို့နယ် ကံကြီးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၈ရက်က ၎င်းကျောင်းဆောင်၌ ကျင်းပသည်။

ဖွင့်လှစ်

ရှေးဦးစွာ မြို့နယ် ပညာရေးမှူး (တာဝန်ခံ) ဦးရွှေနှင့် ကျောင်းဆောင်အလှူရှင် ဖားကန့်မြို့ အေးမြသာယာရပ်နေ ဦးနေမျိုး - ဒေါ်နန်းရွှေမြ မိသားစုက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ရှင်းလင်းပြောကြား

အခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး(တာဝန်ခံ) ဦးရွှေက ပညာရေးနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

ကျေးဇူးတင်စကား

ထို့နောက် ကျောင်းဆောင်အလှူရှင် ဦးနေမျိုးက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်စိုးက ကျေးဇူးတင်စကား ပြောကြားသည်။

လွှဲပြောင်း

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌက အလှူရှင်မိသားစုအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ပြီး ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမောင်စိုးက ကျောင်းဆောင်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

အေးချမ်းဖြိုးလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပ

တန့်ဆည် ဧပြီ ၃၀

တန့်ဆည်မြို့ ဗိုလ်မြရပ်ကွက် အေးချမ်းဖြိုး လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၇ရက် နံနက် ၈နာရီက အဆိုပါလမ်းမုခ်ဦး၌ ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းမောင်က လမ်းဖောက်လုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဇော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးဌွေနှင့် မြို့မိမြို့ဖ ဦးတင်မြင့် (စက်ပိုင်)တို့က လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

Bucheon City Trade Mission to Asia 2010

Business Matching with Myanmar Entrepreneurs at Traders Hotel Yangon on 31 May 2010 09:30-16:30

free entry

Productions of;

1. Robot football game
2. Packing Machine
3. Cutters & Drills
4. Heatsink
5. Electrical Beauty Appliances & Machines
6. Nextcall/Tablecall Paging Systems
7. Power saving device & Transformers
8. Car styling/design/prototype sample/mould
9. Digital Amplifier/Mixer/PA system
10. Control parts for Diesel Engine Generator

(01) 256992/ 392581

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါများ (Sealed Tenders) ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားက အောက်ပါပစ္စည်းများကို နိုင်ငံခြားငွေဂျပန်(ယန်း)ဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါများ(Sealed Tenders)ကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	1/MR/Rail Bus (M)/ 2010-2011	Inservice Rail Buses (RBE) with Roof Mounted Air Condition	20 Nos
2.	2/MR/ Rail Bus Power Car (M)/2010-2011	Power Car with Generating Set	5 Nos

တင်ဒါပိတ်ရက်/အချိန်-၂၁-၅-၂၀၁၀ရက်(သောကြာနေ့) မွန်းတည့် ၁၂း၀၀နာရီ

၂။ တင်ဒါပုံစံများကို ၃-၅-၂၀၁၀ရက် (တနင်္လာနေ့)မှစ၍ ရုံးချိန်အတွင်း ဒုတိယအထွေထွေမန်နေဂျာ ထောက်ပံ့ဌာနရုံး၌ ဝယ်ယူရရှိနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဒုတိယအထွေထွေမန်နေဂျာ ထောက်ပံ့ဌာန မြန်မာ့မီးရထား သိမ်ဖြူလမ်းနှင့်ကုန်သည်လမ်းထောင့် ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၉၅-၁-၂၉၁၉၉၄၊ ၉၅-၁-၂၉၁၉၈၅တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ
ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ရန်ကုန်။

Myanmar Baking Training Centre

MR. COOK

အကြောင်းအမျိုးမျိုးကြောင့်ဗုဒ္ဓဂယာသို့ ဘုရားဖူးမကြွံကြိုက်ရသူများအတွက်
ကိုယ်တိုင်သွားရောက်ဖူးမြော်ဘိသကဲ့သို့ ကြည်ညိုသဒ္ဓါပွားများနိုင်စေမည့်

ဦးစောမောင်တင်ပြုစုသည့်
မဇ္ဈိမခရီးသွားမှတ်တမ်း ထွက်ပါပြီ

ဖြန့်ချိရေး-ချင်းတွင်းအိမ်စာပေ၊ ဘူတာလမ်း၊ မုံရွာမြို့၊
ဖုန်း - ၀၇၁-၂၂၁၇၆။

သင်္ဃန်းကျွန်းမြို့နယ် (ဆ/က)ရပ်ကွက် ကျိုက္ကဆံဘုရားလမ်း အမှတ် ၁၃/ကနေ ဦးအောင်သစ်-ဒေါ်ရီရီနွဲ့မိသားစုက နှစ်ဖက်မိဘများဖြစ်ကြသော ဖခင်ကြီးဦးထွန်းကြိုင်နှင့် ဦးသာဒင်-ဒေါ်မြညွန့်တို့အား ရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေး လမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖော်ဒေးရှင်းအတွင်း လှူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် နှစ်သိန်းလှူဒါန်းရာ အုပ်ချုပ်ရေးမှူးဦးမြိုး လက်ခံယူစဉ်။ (ကင်ဆာဖော်ဒေးရှင်း)

၂၇-၄-၂၀၁၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ
ဒေါ်သန်းသန်းမင်း၏အထက်တန်းရှေ့နေ ဒေါ်စန္ဒာမြင့်က
အများသိစေရန်ကြေညာခြင်းအပေါ် ပြန်လည်တားမြစ်ကန့်ကွက်ခြင်းနှင့်

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ကျောက်တောလမ်း၊ အမှတ် ၁၉၊ မြေညီထပ်နေ ဦးရဲအောင်၏ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်။

ဦးရဲအောင်သည် ကန့်ထရိုက်တာဦးသိန်းမင်းထံမှ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်တောလမ်း၊ အမှတ် ၁၉၊ ငါးလွှာအခန်းကို ဦးသိန်းမင်း၏ ကမ်းလှမ်းချက်အရ အသိသက်သေများရှေ့တွင် ငွေလက်ငင်းပေးချေ၍ လက်ရောက်ရရှိကာ အခန်းသော့ခတ်ထားသည်မှာ ယနေ့တိုင်ဖြစ်ပါသည်။

ဒေါ်သန်းသန်းမင်းမှာ ဦးသိန်းမင်း၏ညီမဖြစ်ကြောင်း စုံစမ်းသိရှိရပြီး ဦးသိန်းမင်း ငွေကြေးပြဿနာပေါ်ပေါက်ပြီးနောက်မှာ ကြေညာခြင်းဖြစ်ပါသည်။ သူမသည် အခန်းဝယ်ယူကြောင်း အိမ်ရှင်ထံလည်းမလာရောက် အသိအမှတ်ပြုလက်မှတ်လည်း မထိုးပါဘဲလျက် သတင်းစာတွင်ကြေညာခြင်းမှာ ဦးရဲအောင်၏ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသည့်ပြင် သူ၏ပိုင်ဆိုင်မှုကို ထိပါးနှောင့်ယှက်ခြင်းသာ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၂၇-၄-၂၀၁၀ရက်စွဲပါကြေညာချက်ကို ပြန်လည်ရုပ်သိမ်းပေးစေလိုပါသည်။ ပျက်ကွက်ကဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်သူ -	လွှဲအပ်ချက်အရ -
ဦးရဲအောင်	ဒေါ်သန်းသန်း
အမှတ် ၁၉၊ မြေညီထပ်	တရားရုံးချုပ်ရှေ့နေ
ကျောက်တောလမ်း	(စဉ်-၁၃၄၂)
ကျားကွက်သစ်ရပ်ကွက်၊	အမှတ်၂၁/၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း
တာမွေမြို့နယ်၊ ရန်ကုန်မြို့	ရန်ကုန်မြို့။

မီးဘေးရှောင်
မလောင်ခင်တား

ဟိုင်းကြီးကျွန်း ဝါးကုန်းကျေးရွာ၌ အလင်းရောင် စာကြည့်တိုက်ဖွင့်

ဟိုင်းကြီးကျွန်း မေ ၂၆

ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့ ဝါးကုန်းကျေးရွာအုပ်စု ဝါးကုန်းကျေးရွာ အလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို မေ ၂၆ရက် မွန်းလွဲ ၂နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ စာကြည့်တိုက်အဆောက်အအုံသစ်ကို မြို့နယ်ဦးစီးမှူး ဦးကျော်သူဟိန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးငွေစိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

ရေရှည်တည်တံ့ရေး

ထို့နောက် ပုသိမ်ခရိုင်ဦးစီးအရာရှိ ဦးစန်းဝင်းက စာကြည့်တိုက်ကို စံ(၅)ချက်နှင့်အညီ ရေရှည်တည်တံ့ခိုင်မြဲရေးမှာကြားပြီး မြို့နယ်ဦးစီးမှူးဦးကျော်သူဟိန်းက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ရှေ့လုပ်ငန်းများကိုမှာကြား၍ ကျေးရွာဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

အိုင်အိုဒင်းဆား ရောင်းချမှု

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် လျှော်ပင်ဈေးအတွင်း အိုင်အိုဒင်းဆား ရောင်းချမှုကို မေ ၂၆ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ ပူးပေါင်းစစ်ဆေးမှု ဆောင်ရွက်ကြရာ ဒုတိယဦးစီးမှူး(ဈေး) ဦးဆန်းဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကွင်းဆင်းကြည့်ရှု

ရှမ်းပြည်နယ်(မြောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် မေ ၂၈ရက်က မူဆယ်မြို့နယ် ပြည်ထောင်စုလမ်းမကြီး၌ ကတ္တရာလမ်းသားနှင့် လမ်းဘေးပလက်ဖောင်းကြားမြေသားလမ်းမှ ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်ရန် ပြင်ဆင်မှုကို ကွင်းဆင်းကြည့်ရှုရာ အမှုဆောင်အရာရှိ ဦးဌေးဝင်းနှင့် အင်ဂျင်နီယာမှူး ဦးတင်ကိုကိုတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး၏ ဆိုင်ကယ်စီး စွမ်းရည်ပြကွက်ကို ဤသို့ တွေ့ရသည်။

စွမ်းရည်ထက်မြက် မီးသတ်တပ်ဖွဲ့ ပြည်သူ့အတွက်

➤ သတင်းမြင်ကွင်း - မြင့်မောင်စိုး
➤ ဓာတ်ပုံမှတ်တမ်း - အောင်သန်း(မင်္ဂလာတောင်ညွန့်)

ရန်ကုန် မေ ၄

❒ လုပ်သားပြည်သူ ဝိုင်းဝန်းကူ ရန်သူမီးဘေး စဉ်ကင်းဝေး။
❒ ဒါသင့်နိုင်ငံ မီးဘေးအစဉ် ကင်းပါစေ။
❒ မီးမလောင်ခင်သတိယှဉ် ကြိုတင်ကာကွယ်ပါ။

စာမျက်နှာ ၆ ကော်လံ ၁ ✻

နိုင်ငံရေးပါတီ တည်ထောင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် မေ ၄

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီ၏အမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက်လျှောက်ထားလျက်ရှိကြရာ ၂၀၁၀ ခုနှစ် မေ ၄ရက်တွင် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီနှင့် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီတို့က လာရောက်လျှောက်ထားခဲ့သည်။

ယင်းသို့ နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားသည့် အဖွဲ့များအနက် အောက်ပါအဖွဲ့များသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၀ခုနှစ် မေ၄ရက်တွင် နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုလိုက်သည်-

(၁) ပြည်ထောင်စုဒီမိုကရေစီပါတီ (Union Democratic Party)
(၂) ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ
(၃) ချင်းတိုးတက်ရေးပါတီ (Chin Progressive Party)
(၄) ကယန်းအမျိုးသားပါတီ
(၅) အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ (National Democratic Party for Development)
(၆) မြန်မာနိုင်ငံ ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ
(၇) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
(၈) 'ဝ'အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ
(၉) အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
(၁၀) မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ

ယနေ့အထိ နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားသည့်အဖွဲ့(၃၀)ရှိသည့်အနက် အဖွဲ့(၂၄)ဖွဲ့ကို နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့်အဖွဲ့များကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**